# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၃၃၆)


# ဥပဒေဆိုသည်မှာ ရပ်ရွာတည်ငြိမ်ရေးအတွက် ထားရှိခြင်းဖြစ်ပြီး ပြည်သူများကိုဒဏ်ပေးရန်မဟုတ်

## ကိုဗစ်ရောဂါ ထပ်မံမဖြစ်ပွားစေရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ပြည်သူတစ်ယောက်ချင်းသည်လည်း တာဝန်ကျေစေလို





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်၊ ထိန်းချုပ်ရေး စီမံဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၂

Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်၊ ထိန်းချုပ်ရေး စီမံဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်တို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**“စည်းမျဉ်းစည်းကမ်းများအရ အရေးယူမည်ဖြစ်ပြီး ပိုမိုတင်းကျပ်သည့် သဘာဝဘေးအန္တရာယ်ဥပဒေဖြင့် အရေးယူမည်ကိုလည်း အများသိရှိစေရန် ပြောကြားထား၊ ယခုကဲ့သို့ တင်းတင်းကျပ်ကျပ် အရေးယူမည်ကို အချို့က မကြိုက်၊ မည်သည့်အတွက်ကြောင့် အရေးယူရန် လိုအပ်သည်ကို နားလည်ရန် လိုအပ်”**

**ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာတွင် ဆက်ခံမည့်သူကို စက်တင်ဘာ ၁၄ ရက်တွင် ဆန္ဒမဲပေးမည်** (စာ ➤ ၁၃)

**ကိုဗစ် – ၁၉ ကန့်သတ်ချက် ဖြေလျှော့မှုအဖြစ် ဇင်ဘာဘွေနိုင်ငံတွင် လေဆိပ်များ ပြန်လည်ဖွင့်လှစ်မည်** (စာ ➤ ၁၄)




မြန်မာ့အလင်း

# တစ်ဦးချင်းတာဝန်ယူ၊ စည်းကမ်းလိုက်နာ

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၁၀၀၀ ပြည့်ရန် ငါးဦးသာလိုတော့သည်။ နောက်တစ်နေ့ဆိုလျှင် ပြည့်ရုံသာမက ကျော်လွန်သွားလိမ့်မည်ဟူ၍လည်း မှန်းဆကြည့်မိသည်။ ပြည်တွင်းကူးစက်မှု အများအပြား ရုတ်တရက် ထွက်ပေါ်လာချိန်မှစ၍ ရောဂါအတည်ပြုလူနာအရေအတွက်မှာ တရိပ်ရိပ်တိုးလာနေပြီဖြစ်သည်။

လောလောဆယ်တွင် ကိုဗစ်-၁၉ အတည်ပြုလူနာဦးရေ အများဆုံးဖြစ်နေသည့် ရခိုင်ပြည်နယ်တွင် ဒေသခံကျန်းမာရေးဝန်ထမ်းများတွင်ပါ ရောဂါကူးစက်ခံရမှုများရှိနေပြီး ကပ်ရောဂါ၏ ရှေ့တန်းနယ်မြေသဖွယ်ဖြစ်နေသည်။ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာဦးရေ ဒုတိယအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်သည်။ ရန်ကုန်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး လူဦးရေအထူထပ်ဆုံးဒေသလည်းဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ်လ ၁၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရခိုင်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်တွင်းလေကြောင်းခရီးစဉ်အသီးသီးဖြင့် လာရောက်ခဲ့ကြသူပေါင်း ၅၄၀၉ ဦးရှိရာ ယင်းခရီးသည်များတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူများ ပါရှိနိုင်သည်။ သို့မဟုတ်ပါကလည်း လေယာဉ်စီးရင်းဖြင့်ပင် ကူးစက်ခံရမှုလည်းရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဖော်ပြပါရက်များအတွင်း ရခိုင်မှ ရန်ကုန်၊ ၎င်းမှတစ်ဆင့် အခြားဒေသအသီးသီးသို့ ခရီးဆက်ခဲ့ကြသူမှန်သမျှ သက်ဆိုင်ရာသို့ သတင်းပို့ကြပြီး ကန့်သတ်စောင့်ကြည့်မှု၊ ရောဂါစစ်ဆေးမှုတို့ခံယူကြရန် အရေးကြီးသည်။

လက်ရှိအခြေအနေတွင်မူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့က ဩဂုတ်လ ၁၀ ရက်နေ့နောက်ပိုင်း ရခိုင်ပြည်နယ်မှ ပြန်လာသူများထံ ဆက်သွယ်ရာတွင် ဖုန်းကိုင်သော်လည်း အချက်အလက်များ ပြန်လည်မပြောဘဲ ဖုန်းချသွားခြင်း၊ ဖြေကြားရန် ငြင်းဆန်ခြင်း၊ ဖုန်းနံပါတ်မှားယွင်းနေကြောင်း ပြောကြားပြီး ဆက်သွယ်၍မရတော့ခြင်း စသည်ဖြင့်ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သူများမှာ ထက်ဝက်ကျော်ရှိနေကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါသည် ရောဂါပိုးသယ်ဆောင်ထားသူများ၏ ၇၁ ရာခိုင်နှုန်းမှာ လူကောင်းအတိုင်းရှိနေသည့်အတွက် မိမိကိုယ်ကိုယ်ရောဂါကူးစက်ခံထားရခြင်း ရှိ မရှိ မသိနိုင်သလို ကူးစက်မှုနှုန်းမှာလည်း အလွန်လျင်မြန်သည့်အတွက် ခြေရာခံလိုက်လံရှာဖွေထိန်းချုပ်မှု မပြုလုပ်နိုင်ပါက ဒေသအနှံ့အပြားသို့ ခဏတာအချိန်လေးအတွင်းမှာပင် ပျံ့နှံ့သွားနိုင်ပြီး နိုင်ငံအတွက် အန္တရာယ်ကြီးမားစွာ ပေါ်ပေါက်လာနိုင်သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တွင် ပြည်သူများနေအိမ်တွင် နေထိုင်သည့်အစီအစဉ် (Stay at Home) ကို ချမှတ်ထားရပြီဖြစ်သည်။ သည့်ထက်ပို၍ ထပ်မံမပြန့်ပွားရန်အတွက် ပူးပေါင်းဆောင်ရွက်မှုတို့ အချိတ်အဆက်မိမိနှင့် အားကောင်းဖို့လိုသည်။ ကိုဗစ်-၁၉ ကို အစောပိုင်းကာလတွင် နိုင်နိုင်နင်းနင်း ထိန်းထားနိုင်ခဲ့သည်မှာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းခြင်း၊ ပြည်သူများ စည်းကမ်းလိုက်နာခြင်း၊ ဌာနဆိုင်ရာများ တာဝန်ကျေပွန်ခြင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ တက်တက်ကြွကြွ ဆောင်ရွက်ကြခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ယခုအချိန်သည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်တားဆီးနိုင်ရန်မှာ နောက်မကျသေး။ ပြည်သူတစ်ဦးချင်းစီ၏ တာဝန်ယူမှုနှင့် စည်းကမ်းလိုက်နာမှုတို့ဖြင့် ကူးစက်မှုအရှိန်မြင့်လာနေသည့် ကိုဗစ်- ၁၉ ကို ကောင်းစွာတုံ့ပြန်ကာကွယ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ပန်းတော့အထိမ်းအမှတ် အထူးထုတ် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်




**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိ အလေးထားစေရန်ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းတော့အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၂၀၀ ကျပ်တန်) တစ်မျိုးအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ (၄)ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆုတ်(၂)ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော်စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် စက်တင်ဘာ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြောင်းသတိပေးချက်

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Metocean Survey လုပ်ငန်းများအား MV. PACIFIC PATRIOT (Call Sign: 9VCT8) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါလုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

Metocean Survey လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကိုဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Deep Site 1 (Current mooring) | 16˚ 56' 39.747"N | 93˚ 42' 30.561"E |
| Deep Site 1 (DWR mooring) | 16˚ 55' 37.957"N | 93˚ 42' 06.253"E |
| Mid–Shallow Site 2 (Wave Scan mooring) | 16˚ 57' 14.3"N | 94˚ 05' 20.4"E |
| Mid–Shallow Site 2 (Current meter) | 16˚ 57'31"N | 94˚ 05' 20.4"E |
| Shallow Site 3 (Current meter) | 15˚ 40' 32"N | 93˚ 53' 51"E |
| Rise Site 4 (Current meter) | 17˚ 01' 29.177"N | 93˚ 56' 37.873"E |
| Slope Site 5 (Current meter) | 17˚ 01' 37.98"N | 94˚ 00' 33.938"E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Metocean Survey လုပ်ငန်းများအား MV. PACIFIC PATRIOT (Call Sign: 9VCT8) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**




# ကျိုင်းတုံခရိုင်တွင် ငါးသားပေါက်များ ထောက်ပံ့

**ကျိုင်းတုံ စက်တင်ဘာ ၂**

ကျိုင်းတုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်အတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ကတ်တောင်၊ ဝမ်ဆောင်၊ ကတ်ထိုက်နှင့် လွယ်လုံကျေးရွာအုပ်စုများရှိ ငါးမွေးတောင်သူ ၁၁၃ ဦး၏ ငါးမွေးကန် ဧက ၁၁၇ ဒသမ ၃၆ ဧကအတွက် တီလားပီးယား ၅၀၀၀၀ နှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၆၇၃၆၀ စုစုပေါင်းကောင်ရေ ၁၁၇၃၆၀ အား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ယန်းလောကျေးရွာ ငါးမွေးတောင်သူ တစ်ဦး၏ ငါးကန်တွင် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်၊ ထိန်းချုပ်ရေး စီမံဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

◆ အဆက်အသွယ်များကို လိုက်လံရှာဖွေရသည်မှာ မည်မျှခက်ခဲပြီး ငွေအား၊ လူအားနှင့် အချိန်အား မည်မျှသုံးရသည်ကို ပြည်သူများ နားလည်စေလို၊ နောက်ဆုံးကိန်းဂဏန်းအရ ရန်ကုန်မြို့တွင် ပြန့်ပွားမှု ပိုမိုများပြားနေ၊ ရန်ကုန်မြို့တွင် လူဦးရေများပြားပါကြောင်း၊ ထို့ပြင် ရန်ကုန်တွင် နေထိုင်ကြသူများသည် ယခု (၃) လ၊ (၄)လအတွင်း ပေါ့ဆလာကြပြီး စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု အားနည်းလာကြ

◆ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ နေရာမျိုးတွင် ရောဂါပြန့်ပွားသွားပြီဆိုပါက အားလုံးကို ပြည့်ဝစွာ ကုသမှုပေးရန် များစွာခက်ခဲသွားမည်ဖြစ်

❑ *ရှေ့ဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ကိုဗစ်ရောဂါ ကူးစက်ခံရသည်ဟု မှန်းဆရသည့်သူများ၏ အဆက်အသွယ်ကို လိုက်လံရှာဖွေခြင်းနှင့် ပတ်သက်ပြီး ယနေ့ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပြန့်ပွားသွားနိုင်သည့် အခြေအနေရှိသည့်အတွက် မည်မျှအရေးကြီးသည်ကို အများပြည်သူသိရှိရန် လိုအပ်ပါကြောင်း၊ ယခုကိစ္စသည် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဆက်အသွယ်များကို လိုက်လံရှာဖွေရသည်မှာ မည်မျှခက်ခဲပြီး ငွေအား၊ လူအားနှင့် အချိန်အား မည်မျှသုံးရသည်ကို ပြည်သူများနားလည်စေလိုပါကြောင်း၊ နောက်ဆုံးကိန်းဂဏန်းအရ ရန်ကုန်မြို့တွင် ပြန့်ပွားမှု ပိုမိုများပြားနေပါကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေများပြားပါကြောင်း၊ ထို့ပြင် ရန်ကုန်တွင် နေထိုင်ကြသူများသည် ယခု (၃) လ၊ (၄)လအတွင်း ပေါ့ဆလာကြပြီး စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု အားနည်းလာကြပါကြောင်း။

### သဘာဝဘေးအန္တရာယ်ဥပဒေဖြင့် အရေးယူမည်

သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအပြင် ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ထားပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများအရ အရေးယူမည်ဖြစ်ပြီး ပိုမိုတင်းကျပ်သည့် သဘာဝဘေးအန္တရာယ်ဥပဒေဖြင့် အရေးယူမည်ကိုလည်း အများသိရှိစေရန် ပြောကြားထားပါကြောင်း၊ ယခုကဲ့သို့ တင်းတင်းကျပ်ကျပ် အရေးယူမည်ကို အချို့က မကြိုက်ပါကြောင်း၊ မည်သည့်အတွက်ကြောင့် အရေးယူရန်လိုအပ်သည်ကို နားလည်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ နေရာမျိုးတွင် ရောဂါပြန့်ပွားသွားပြီဆိုပါက အားလုံးကို ပြည့်ဝစွာ ကုသမှုပေးရန် များစွာခက်ခဲသွားမည် ဖြစ်ပါကြောင်း။

COVID နှင့် ရင်ဆိုင်နေရသည်မှာ နှစ်ဝက်ခန့်ရှိပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် သေသေချာချာ ထိန်းသိမ်းနိုင်ပါက ကိုဗစ်အန္တရာယ်ကို ကျော်လွှားနိုင်မည်ဟု မှန်းဆနိုင်ပါကြောင်း၊ ကာကွယ်ဆေးကို တချို့နိုင်ငံများတွင် စတင်ထုတ်နိုင်ပြီဆိုသည့် သတင်းများ ထွက်နေပြီဖြစ်ပါကြောင်း၊ မည်မျှအထိ သေချာသည်ကို ပြော၍မရသေးပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သေချာစွာစိစစ်ပြီးမှ သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်ရောဂါနှင့် ပတ်သက်ပြီး မိမိတို့ စည်းကမ်းရှိစွာဖြင့် ဆက်လက်ရင်ဆိုင်နိုင်ပါက ကြာရှည်စွာ ခံစားရမည်မဟုတ်ပါကြောင်း၊ စည်းမဲ့ကမ်းမဲ့ဖြစ်ပြီး ပြန့်ပွားသွားပါက ကြာသင့်သည်ထက် ပိုမိုကြာသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### လမ်းညွှန်မှုများအတိုင်း ဆောင်ရွက်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်က COVID–19 ရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားလာခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံကို ရောဂါဖြစ်ပွားမှုမှ အတတ်နိုင်ဆုံး ကာကွယ်နိုင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီများ၏ လမ်းညွှန်မှုများအတိုင်း ဆောင်ရွက်နေပါကြောင်း။

ယမန်နေ့ညနှင့် ယနေ့မနက်ပိုင်း ထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးတွင် Positive Case ၃၄ ဦး တွေ့ပါကြောင်း၊ ၃၄ ဦးထဲတွင် ဆေးရုံ၌ ကုသမှုခံယူရင်း ကိုဗစ် –၁၉ ရောဂါအတည်ပြုနိုင်သူ ၁၁ ဦး ပါဝင်ပါကြောင်း၊ ကူးစက်ခံရသူ၏ မိသားစုများသည် ရပ်ကွက်၊ နေအိမ်များတွင်သာ ရှိနေကြပါကြောင်း၊ ဆေးရုံတွင် Contact tracing team ဖွဲ့ထားပြီး ဆရာဝန်များက မိသားစုဝင်များထံ ဖုန်းဆက်သွယ်ပြီး ရောဂါကူးစက်ခံရမှုနှင့် ရောဂါအကြောင်းကို ရှင်းပြပါကြောင်း၊ ကူးစက်ရောဂါဖြစ်သည့်အတွက် အနီးကပ်ထိတွေ့သူများ၊ မိသားစုဝင်များတွင် ရောဂါကူးစက်ခံရနိုင်ပြီး ရောဂါပိုးရှိနိုင်ကြောင်းကို ရှင်းပြပြီး မိသားစုများ၏ အမည်နှင့် လူစာရင်းကို ကောက်ယူမှတ်သားပါကြောင်း၊ ယခုရောဂါသည် မြန်မြန်တွေ့ရှိပါက မြန်မြန်ကုသနိုင်ပြီး အမြန်ပျောက်ကင်းနိုင်ကြောင်းနှင့် ပတ်ဝန်းကျင်ကို မကူးစက်နိုင်ကြောင်း၊ ကျန်းမာရေးဌာနက လာခေါ်ပြီး စစ်ဆေးလျှင် လက်ခံပေးရန် ရှင်းပြပါကြောင်း။

### ကူညီဆောင်ရွက်ပေးမှုများမှာ အရေးပါ

Quarantine တွင် Primary Contact ကို Risk Level ခွဲပါကြောင်း၊ Level ခွဲပြီးချိန်တွင် အမှန်တကယ် မိမိတို့အိမ်တွင် အတူနေ၊ အတူသွား၊ အတူစားနေထိုင်ခဲ့သည့် Primary Contact များကို Quarantine ဝင်ရန် လုပ်ဆောင်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးထားသည့် Quarantine Centre များတွင် သွားရောက်နေထိုင်ပေးရန်နှင့် နေထိုင်နေစဉ်အတွင်း ဓာတ်ခွဲစစ်ဆေးပေးရန် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ ပါဝင်သည့် ကိုဗစ်ကော်မတီများနှင့် ချိတ်ဆက်ပေးပါကြောင်း၊ အိမ်တွင်နေထိုင်သည့် Contact များကို Quarantine Centre ကို ပို့ရာတွင် ပရဟိတ သူနာပြုယာဉ်များကို အသုံးပြုပါကြောင်း၊ ယင်းနေရာတွင် စေတနာ့ဝန်ထမ်းများ၏ ကူညီဆောင်ရွက်ပေးမှုများမှာ အရေးပါ ထိရောက်ပါကြောင်း၊ ယခုနှစ်ရက်အတွင်း လူနာအမှတ်စဉ်တစ်ခုမှ Contact များ ရှာဖွေရာတွင် Quarantine ထဲရောက်နေသူများထဲမှ ၂၅ ဦးတွင် ရောဂါပိုးတွေ့ရှိခဲ့ပြီး Quarantine ထားနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၅ ဦးမှ ရောဂါဆက်လက်ပြန့်ပွားမှုကို အချိန်မီ ကာကွယ်ထိန်းချုပ်နိုင်ခဲ့ပါကြောင်း။

### ခွဲခြားဆက်ဆံခြင်းခံရမည်ကို စိုးရိမ်မှုများရှိ

မိသားစုဝင်များအား ဆက်သွယ်ရာတွင် ဖုန်းဆက်မရသည့် အခက်အခဲမျိုး ရှိပါကြောင်း၊ တစ်ခါတစ်ရံ ဖုန်းဆက်သွယ်ပြောရာတွင် မယုံကြည်ခြင်းများ ရှိပါကြောင်း၊ Video Call ဖွင့်၍ ယုံကြည်လာအောင် မိမိတို့၏ပုံကို ပြရခြင်းမျိုး ရှိပါကြောင်း၊ ကာယကံရှင်များအနေဖြင့် ပတ်ဝန်းကျင်မှ ခွဲခြားဆက်ဆံခြင်း ခံရမည်ကို စိုးရိမ်မှုများရှိကြပါကြောင်း၊ မေ ၁၇ ရက်နောက်ပိုင်းတွင် ရန်ကုန်၌ ဒေသတွင်း ကူးစက်မှုမရှိတော့ဘဲ လေယာဉ်ဖြင့် ပြန်လာသူများ၊ နယ်စပ်မှ ပြန်လည်ဝင်ရောက်လာသူများထဲမှသာ တွေ့နေရသဖြင့် team တွင်ရှိသည့် ဆရာဝန်များနှင့် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ရခိုင်တွင် ဩဂုတ်လ ဒုတိယပတ်၊ တတိယပတ်တွင် စတင်တွေ့ရှိပြီးနောက် ရန်ကုန်တွင် ရောဂါပိုးတွေ့ရှိမှု များလာသည့်အတွက် ဆရာဝန်အများအပြား လိုအပ်လာပြီး ခရိုင်မှ ဆရာဝန်များကိုပါ အဆိုင်းများခွဲကာ တာဝန်ပေးအပ်ခဲ့ရပါကြောင်း၊ Quarantine Centre များပြားလာသည့်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ဝိုင်းဝန်းကူညီလုပ်ဆောင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က မိမိအနေဖြင့် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံး အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်နေပါကြောင်း၊

*စာမျက်နှာ ၄ သို့*

**“ကိုဗစ်ကို အောင်မြင်စွာထိန်းချုပ်ထားနိုင်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါပိုးကူးစက်နေသည့် လူဦးရေ(၄၀၀) ရှိပြီဖြစ်၊ မြို့နယ်အတွင်းတွင် ရောဂါတွေ့ရှိသူ လူ(၃)ဦးကျော်ပါက Stay at Home လုပ်၊ (၃)ဦးကျော်သည့် မြို့နယ်များသည်လည်း များပြားလာ၊ ရန်ကုန်မြို့ နေရာအများအပြားတွင် Stay at Home အစီအစဉ် ဆောင်ရွက်ရမည်ဖြစ်၊ ရန်ကုန်သူ၊ ရန်ကုန်သားများအနေဖြင့် ယခုအချိန်တွင် မိမိတို့၏အစွမ်းကို ပြသရမည့် အချိန်ဖြစ်၊ အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်”**

*စာမျက်နှာ ၃ မှ*

တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအပြင် Contact Tracing လိုက်သည့် လုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများနှင့် အခြားအုပ်ချုပ်မှုလုပ်ငန်းများ အားလုံးကို ပူးပေါင်းပါဝင်ဆောင်ရွက်နေပါကြောင်း၊ ကော်မတီရုံးအဖွဲ့ကို မိမိဦးစီး၍ ပြည်ထောင်စုဝန်ကြီးဌာန(၁၀)ခုမှ ညွှန်ကြားရေးမှူးများ အပါအဝင် (၂၁) ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ မိမိတို့တွင် တာဝန် (၁၁)ရပ် ရှိပါကြောင်း၊ ယင်းတာဝန်များ အတွက် လုပ်ငန်းအဖွဲ့ (၁၁)ဖွဲ့ ဖွဲ့စည်းပြီး ၂၄ နာရီပတ်လုံး နေ့ဆိုင်း၊ ညဆိုင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့်ကာလတွင် ပုံမှန်ဝင်ငွေမရရှိသည့် မိသားစုများကို ရိက္ခာ(၅)မျိုး ထောက်ပံ့ခဲ့ခြင်းများ ရှိပါကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် နေ့စဉ် Video Conferencing ဖြင့် ဆွေးနွေးပြီး အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးပါကြောင်း။

ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလတွင် အများအသုံးပြုလျက်ရှိသည့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများ ဖြန့်ဝေပြီး လူထုအထိတ်တလန့်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ မလိုလားအပ်ဘဲ လူစုလူဝေးဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း၊ အချို့နေရာများနှင့် ရပ်ကွက်များ၌ ရောဂါရှိနေသူ ရောက်ရှိနေပြီဆိုသည့်သတင်းများ ဖြန့်ဝေခြင်း၊ မည်သည့်နေရာတွင် ဆန်၊ ဆီ၊ ဆားများ ဖြန့်ဝေပေးနေပြီး သွားရောက်ယူကြပါဆိုသည့်အတွက် မလိုလားအပ်ဘဲ လူစုလူဝေးများ ဖြစ်ပေါ်ခြင်းများရှိပါကြောင်း၊ ရောဂါကြောင့် စိုးရိမ်သောကရှိနေသည့် အချိန်တွင် မလိုလားအပ်ဘဲ စိုးရိမ်သောကများ၊ ကြောက်လန့်မှုများ ပိုမိုလာအောင် အဖျက်အမှောင့်လုပ်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနရှိ နည်းပညာဌာနက အမြဲစောင့်ကြပ်ကြည့်ရှုလျက်ရှိပါကြောင်း။

### အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်းဖြစ်

အရေးယူဆောင်ရွက်မှုနှင့် ပတ်သက်၍ (၈)လပိုင်းအထိ Website (၅)ခု၊ Page (၁၅)ခု၊ Group (၃)ခုနှင့် Account (၃၅)ခု စုစုပေါင်း(၅၈)ခုကို ပယ်ဖျက်ခဲ့ပါကြောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့်လည်း အရေးယူထားပါကြောင်း၊ သတင်းအမှန်များရရှိအောင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် Stop COVID–19 Application ကို လုပ်ဆောင်ထားပါကြောင်း၊ ယင်း Application နှင့်ပတ်သက်၍ အဆင့်ဆင့် တင်ပြခွင့်ပြုချက်ရယူပြီး စတင်ထုတ်လွှင့်သည့် အချိန်တွင် အသုံးပြုသူ (၃)သောင်းရှိပြီး ယခုအချိန်တွင် (၇)သိန်းအထိ အသုံးပြုလျက်ရှိပါကြောင်း၊ ယင်း Application ၏ အဓိကအချက်မှာ သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်း ဖြစ်ပါကြောင်း၊ ကမ္ဘာတွင် ဖြစ်ပေါ်နေသည့် နောက်ဆုံးသတင်းများ၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်သတင်းများ၊ သိသင့်သိထိုက်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် တင်ပြပေးလျက်ရှိသည့် Application တစ်ခုဖြစ်ပါကြောင်း။

မိမိတို့၏ အတွင်းရေးမှူးရုံးအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းက Hot Line ဖုန်းနှစ်လုံး တပ်ဆင်ခဲ့ပါကြောင်း၊ Hot Line ဖုန်း တပ်ဆင်ရသည့် အကြောင်းရင်းသည် ပြည်သူများတွင် မည်သည့်အခက်အခဲရှိသည်၊ မည်သည့်ဥပဒေရေးရာ ဖောက်ဖျက်ကျူးလွန်မှုများ ခံစားနေရသည်ကို သိရှိလိုခြင်းဖြစ်ပါကြောင်း၊ ၂၄ နာရီ နေ့၊ည တာဝန်ပေး၍ သတင်းရယူလျက်ရှိပါကြောင်း၊ ပေးပို့လာသည့် သတင်းများကို သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အများဆုံးပေးပို့သည့် သတင်းများမှာ မည်သည့်နေရာတွင် ပြည်ပမှပြန်လာသူ သတင်းမပို့ဘဲ ရောက်ရှိနေသည်၊ မည်သည့်နေရာတွင် တရားဝင်ခွင့်ပြုချက်မရဘဲ ဝိုင်းကျူရှင်ဖွင့်လှစ်နေသည်၊ KTV ဖွင့်လှစ်နေသည် စသည့်သတင်းများ ဖြစ်ပါကြောင်း၊ ထိုသို့ရရှိခြင်းကြောင့် တရားဥပဒေစိုးမိုးရေးအတွက် ချက်ချင်း အရေးယူဆောင်ရွက်နိုင်သည့် အပိုင်းများရှိပါကြောင်း၊ ထို့ကြောင့် Hot Line ဖုန်းနှစ်လုံး ဖွင့်လှစ်ထားခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုပါကြောင်း။

### တရားဥပဒေအရ ထိန်းချုပ်နိုင်ခြင်းများရှိ

ဗဟိုကော်မတီမှ ညွှန်ကြားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်သူက တိတိကျကျလိုက်နာရန် လိုအပ်ပါကြောင်း၊ ယင်းမှာ တရားဥပဒေစိုးမိုးရေး အတွက် များစွာအထောက်အကူပြုပေးသည့် အချက်တစ်ချက် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် သတင်းတပ်ဖွဲ့များ၏ အကူအညီကို ထိထိရောက်ရောက်ရယူပြီး သတင်းအချက်အလက်များ စုဆောင်းပါကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူများ လိုက်နာမှု ရှိ၊ မရှိ၊ ဈေးများအတွင်း သွားလာလှုပ်ရှားမှုများ၊ စားသောက်ဆိုင်များတွင် ထုတ်ပြန်ထားသည်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ ကျောင်းများဖွင့်သည့်အချိန်တွင် ကျောင်းသားမိဘများနှင့် ကျောင်းသူ ကျောင်းသားများ ကျောင်းတက်လာသည့် အနေအထားများ၊ ဘတ်စ်ကား စနစ်တကျစီးနင်းမှု ရှိ၊ မရှိ စသည်တို့ကို သတင်းရယူကာ အမျိုးသားအဆင့်ဗဟိုကော်မတီကို ပြုစုတင်ပြပါကြောင်း၊ ထို့ပြင် အဓိကလက်တွေ့ဆောင်ရွက်ရမည့် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများကို မည်သည့်နေရာ၊ မည့်သည်ရပ်ကွက်တွင် mask တပ်ခြင်းများ မရှိကြောင်း၊ Social Distancing လိုက်နာခြင်းမရှိကြောင်းကို ဓာတ်ပုံများနှင့်တကွ ချပြ၍ သွားရောက်ကြပ်မတ်ရန် အမြဲမပြတ် ညွှန်ကြားခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများက ယင်းနေရာများသို့ ချက်ချင်းသွားရောက် ကြပ်မတ်ခဲ့ခြင်းများရှိသည့်အတွက် တရားဥပဒေအရ ထိန်းချုပ်နိုင်ခြင်းများ ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် Contact Tracing လိုက်သည့် နေရာတွင် များစွာထိရောက်အရေးပါပါကြောင်း၊ ရောဂါဖြစ်ပွားမှုအပိုင်းကို ကြည့်ပါက နေရပ်ပြန်များတွင် ဖြစ်ပွားသည်ကို အများဆုံးတွေ့ရှိရပါကြောင်း၊ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာပြီး ရောဂါကူးစက်မှုအပိုင်းနှင့် နယ်စပ်ဒေသမှ ပြန်လည်ဝင်ရောက်လာပြီး ရောဂါကူးစက်မှုအပိုင်းတို့ ရှိပါကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်၍ စနစ်တကျဆောင်ရွက်ခြင်းများရှိပြီး တချို့တွင် စနစ်တကျ မဆောင်ရွက်နိုင်ခြင်းများ ရှိပါကြောင်း။

### အထောက်အကူပြုနိုင်ရန် ရည်ရွယ်

စနစ်တကျဆောင်ရွက်နိုင်သည့်အပိုင်းမှာ ပြည်ပက ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဒေသများတွင် စနစ်တကျ လက်ခံရေးအဖွဲ့များ ဖွဲ့စည်း၍ လက်ခံပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဝင်ရောက်လာသူတိုင်းကို မှတ်တမ်းဓာတ်ပုံများ ရိုက်ယူပြီး ကိုယ်ရေးရာဇဝင်များ ကောက်ယူပါကြောင်း၊ Contact Tracing စုံစမ်းသည့်အခါတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ထိုသို့ ပြန်ဝင်ရောက်လာသူများသည် နယ်စပ်ဒေသတွင် Quarantine ဝင်ရန် သို့မဟုတ် သက်ဆိုင်ရာဒေသသို့ ရောက်ရှိသွားရန် လိုအပ်ပါကြောင်း၊ ၎င်းတို့ကို လက်ခံရာတွင် စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်က တာဝန်ရှိသူများအနေဖြင့် နယ်စပ်တွင် သွားရောက်စောင့်ဆိုင်းရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိပြီး Quarantine တစ်ခါတည်း ဝင်ရောက်မည်ဆိုပါက ရောဂါဖြစ်ပွားမှုရှိခဲ့လျှင်လည်း Contact Tracing လိုက်ရန် အခက်အခဲမရှိနိုင်ပါကြောင်း။

စနစ်တကျ မဆောင်ရွက်နိုင်သည့်အပိုင်းမှာ မိမိအစီအစဉ်ဖြင့် ဝင်ရောက်လာခြင်း၊ ခိုးပေါက်များမှ ဝင်ရောက်လာခြင်းများ ရှိပါကြောင်း၊ ထိုသို့ ဝင်ရောက်လာပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်း နေထိုင်ကြပါကြောင်း၊ ယင်းအပိုင်းတွင် မိမိတို့အနေဖြင့် Contact Tracing စုံစမ်းရန် များစွာခက်ခဲပါကြောင်း၊ မည်သူတို့နှင့် ထိတွေ့ဆက်ဆံခဲ့ပြီး မည်သည့်နေရာများ ရောက်ရှိခဲ့သည်ကို သိရှိရန် ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်ရသည့်အပိုင်းများ ရှိပါကြောင်း။

### ရဲလုပ်ငန်းစနစ်နှင့် များစွာထိရောက်ဆက်စပ်မှုရှိ

ပြည်ထဲရေးဝန်ကြီးဌာန၏ ရဲလုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးအပြင် Contact Tracing လုပ်သည့်အပိုင်းတွင် ရဲလုပ်ငန်းစနစ်နှင့် များစွာထိရောက်ဆက်စပ်မှုရှိသည့်အတွက် အကျိုးသက်ရောက်မှုရှိပါကြောင်း၊ အမိန့်နှင့် ညွှန်ကြားချက်များ အဆင့်ဆင့် ထုတ်ပြန်ပေးရာတွင် ပိုမိုစနစ်ကျပြီး ပြည်သူများအကြားတွင် အသိပညာပေးမှု ပိုမိုကျယ်ပြန့်လာကာ ရောဂါထိန်းချုပ်မှုအပိုင်းတွင် ပိုမိုထိရောက်လာပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်က မိမိတို့အနေဖြင့် Positive လူနာ စတင်တွေ့ရှိသည့်အချိန်မှစ၍ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ Positive လူနာတွေ့ရှိသည့်အခါ ကျန်းမာရေးဦးစီးဌာနက စတင်ဆက်သွယ်ပြီး မိမိတို့က ယင်းလူနာကိုခေါ်ဆောင်၍ ကုသရေးဆေးရုံသို့ ပို့ဆောင်ရေးကိစ္စရပ်များကို စီမံဆောင်ရွက်ရပါကြောင်း၊ Positive လူနာအား ကုသရေးဆေးရုံ ပို့ဆောင်ရေးလုပ်ငန်းစဉ်ကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအဆင့်ကော်မတီက စီမံပေးထားသည့် မော်တော်ယာဉ်များ၊ ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအနေဖြင့် လာရောက်ခေါ်ဆောင်သည့် ကိစ္စရပ်အပေါ်တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် လုံခြုံရေးပိုင်းဆိုင်ရာတို့ကို ကူညီဆောင်ရွက်ပေးရပါကြောင်း၊ ဒေသတွင်းရှိ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး Contact Tracing စုံစမ်း သည့် လုပ်ငန်းစဉ်များကို ဆက်လက်ပူးပေါင်း ဆောင်ရွက်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စိုးရိမ်ပူပန်မှုကြောင့် Contact Person များကို စိစစ်ဖော်ထုတ်သည့်အခါ သတင်းအချက်အလက် အပြည့်အစုံမရသည့် အခြေအနေနှင့် မကြာခဏ တွေ့ကြုံရပါကြောင်း။

### ကိုဗစ်ကော်မတီအဆင့်ဆင့်နှင့် ပေါင်းစပ်

ထို့ကြောင့် စိတ်ပူပန်ခြင်းမရှိရန်နှင့် ပိုမိုကောင်းမွန်သည့် လမ်းကြောင်းပေါ်ရောက်အောင် ပညာပေးစည်းရုံး ဆောင်ရွက်ရပါကြောင်း၊ Contact Person များကို ပြည့်ပြည့်စုံစုံ ဖော်ထုတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရပါကြောင်း၊ Contact Person များကို သက်ဆိုင်ရာ Quarantine Centre သို့ ပေးပို့ရန်နှင့် Swab နမူနာရယူပြီး ဓာတ်ခွဲစစ်ဆေးရန်ကိစ္စရပ်များအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ ကျန်းမာရေးအရ အကာအကွယ်ပြည့်ဝစွာ ရရှိစေရေးနှင့် ဝန်ထမ်းများ၏ စိတ်လုံခြုံရေးရရှိစေရန် အတွက်လည်း စီမံဆောင်ရွက်ပေးရပါကြောင်း၊ လိုအပ်ချက်များကို တတ်နိုင်သမျှ ကိုဗစ်ကော်မတီအဆင့်ဆင့်နှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

Contact Tracing လိုက်ရသည့် လုပ်ငန်းစဉ်များတွင် ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက သတင်းရသည့်အချိန်မှစတင်၍ အချိတ်အဆက်ရသည့်အချိန်အထိ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးတွင် အနည်းငယ်စိတ်ပူရပါကြောင်း၊ လူများ သွားလာလှုပ်ရှားမှုများ များပြားလာသည့်အတွက် Contact Person ဖော်ထုတ်မှု နောက်ကျသည်နှင့်အမျှ ထိတွေ့မှု ပိုမိုများပြားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက လက်ရှိအခြေအနေကို သိရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးအဆင့်တွင်လည်း အသံချဲ့စက်များဖြင့် နေ့၊ ည စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အသိပညာပေးလုပ်ငန်းများ သက်ရောက်မှုရှိအောင် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပမှ တရားမဝင်လမ်းကြောင်းဖြင့် ပြန်လည်ဝင်ရောက်လာပြီး ရပ်ရွာအတွင်း မိမိအစီအစဉ်ဖြင့် သွားလာဝင်ရောက်နေထိုင်ခြင်းများ မဖြစ်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းတွင် ကြေညာချက်ကို ကာယကံရှင်များ သိရှိပြီး လာရောက်ဆက်သွယ်ခြင်းများရှိသကဲ့သို့ ရပ်ရွာမှသိရှိပြီး သတင်းပေးသည့်အတွက် စုံစမ်းဖော်ထုတ်နိုင်ခြင်းများလည်း ရှိပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်တွင် ယခုအချိန်ထိ ၁၅ ဦး စုံစမ်းဖော်ထုတ်ရရှိခဲ့ပြီး သက်ဆိုင်ရာ Quarantine Centre သို့ ပို့ဆောင်ကာ ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

### ကြိုတင်လေ့လာမှုများ ပြင်ဆင်

ယခု Quarantine Centre များတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများနှင့် ရခိုင်ပြည်နယ်မှ ပြန်လာသူများ ထပ်မံရောက်ရှိလာသည့်အတွက် Contact Person များ များပြားလာပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံသည့် Facility Quarantine Centre များ၌ ဝင်ဆံ့မှုအခြေအနေသည် လိုအပ်ချက်များ ရှိလာပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအဆင့် ကိုဗစ်ကော်မတီမှ မြို့နယ်အလိုက် Community Base Facility Quarantine Centre များ ဖွင့်လှစ်ရန် ညွှန်ကြားထားပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း Community Base Facility Quarantine Centre ၁၂ ခု ပြင်ဆင်ထားရှိပြီး ဖြစ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့မှ Volunteer များ စုဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း Quarantine Centre ၁၂ ခုတွင် ဝန်ဆောင်မှုပေးရန်အတွက် လူဦးရေ ၁၂၀၀ ကျော်ဖြင့် စုဖွဲ့ထားရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ လူဦးရေ ၁၀၀ ကျော်ကို ထိန်းသိမ်းစောင့်ရှောက်ထားပါကြောင်း၊ နောက်ထပ် လူဦးရေ ၃၀၀ လက်ခံနိုင်အောင် ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ တိုင်းဒေသကြီးအဆင့် ကိုဗစ်ကော်မတီမှ လိုအပ်လာပါက ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်လေ့လာမှုများ ဆောင်ရွက်ထားရန် ညွှန်ကြားသဖြင့် နယ်မြေတွင် ကြိုတင်လေ့လာမှုများ ပြင်ဆင်ထားရှိသည်ကို တင်ပြလိုပါကြောင်း။

ပြည်ပမှ ပြန်လာသူများကို ဘူတာရုံနှင့် အမြန်လမ်း Zero မိုင်တွင် ကြိုဆိုပြီး Facility Quarantine Centre များသို့ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ရပါကြောင်း၊ အခက်အခဲအနေဖြင့် မော်တော်ယာဉ် စက်သုံးဆီလိုအပ်ချက်ဖြစ်ပါကြောင်း၊ ရက်ကြာလာသည်နှင့်အမျှ အနည်းငယ် အခက်အခဲ ဖြစ်လာပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအမံဖြင့် ပထမတစ်ကြိမ် ကုန်ကျသည့် ကုန်ကျစရိတ်များကို ပံ့ပိုးကူညီထားပါကြောင်း၊ ယခုတွင် မြို့နယ်ကိုဗစ်ကော်မတီမှ ယင်းကိစ္စကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

### စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိ

Positive လူနာတွေ့သည့် အနီးဒေသဝန်းကျင်၌ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအဆင့် ကိုဗစ်ကော်မတီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်ပင်၍ Mobile Fever Clinic ယာဉ်များ ပြင်ဆင်တည်ဆောက်ပြီး Positive လူနာတွေ့သည့် အနီးဒေသဝန်းကျင်တစ်ဝိုက်သို့ Mobile Fever Clinic ယာဉ်အပါအဝင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် Volunteer များ၏ ကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နေမကောင်းမကျန်းမာသည့်သူများကို ဖော်ထုတ်နိုင်ခဲ့ပြီး အချိန်မီဆေးရုံသို့ပို့ဆောင်၍ ကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး ကိုဗစ်ကော်မတီမှ ၂ ပတ်စီမံချက်ဖြင့် Positive လူနာတွေ့သည့် ဒေသများတွင် Mobile Fever Clinic ၁၀ စီး အပါအဝင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် Volunteer များ၏ ကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်ပိုင်းခရိုင်သည် မြို့နယ်ငယ်များ ဖြစ်သည့်အတွက်ကြောင့် မြို့နယ်အသင်းများ ပေါ်လာပါကြောင်း၊ We Love Yangon အသင်းနှင့် ချိတ်ဆက်သည့်အခါ Network ပိုမိုကောင်းမွန်လာပြီး ယခုကဲ့သို့ Stay at Home ကာလတွင် ပိုမိုထိရောက်ပါကြောင်း၊ ပြည်သူလူထုအား ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြသည်။

### မလိုက်နာ၍ ကူးစက်ခြင်းဖြစ်

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့်လည်း မိမိကိုယ်ကို တာဝန်ယူရန်လိုပါကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများဖြင့် နေထိုင်ပါက လုံးဝမကူးစက်နိုင်ဟု ပြော၍မရနိုင်သော်လည်း ကူးစက်နိုင်ခြေမှာ များစွာနည်းသွားမည် ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်စည်းကမ်းများကို မလိုက်နာသဖြင့် ကူးစက်သည်က များပါကြောင်း၊ တချို့သူများမှာ လိုက်နာသော်လည်း ပတ်ဝန်းကျင်က မလိုက်နာ၍ ကူးစက်ခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးဌာနအနေဖြင့် ကုသမှုကို တာဝန်ယူပေးမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းအလိုက်လည်း တာဝန်ယူရန် လိုအပ်ပါကြောင်း၊ နိုင်ငံနှင့် သက်ဆိုင်သည့်ကိစ္စသည် ပြည်သူအားလုံးနှင့် သက်ဆိုင်ပါကြောင်း။

ယခုပြဿနာသည် နိုင်ငံတော်အတွက် များစွာကြီးမားသည့် အန္တရာယ်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းတာဝန်သိသိဖြင့် လုပ်ဆောင်မှသာ ရောဂါကို ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် ရောဂါကူးစက်မှုကို ထိန်းချုပ်ထား၍ ရပါကြောင်း၊ ရန်ကုန်ကဲ့သို့ နေရာမျိုးတွင် ထိန်းချုပ်နိုင်ရန် ခက်ခဲပါကြောင်း၊ စစ်တွေမှ ရန်ကုန်သို့ ဩဂုတ် ၁၀ ရက်နေ့မှ ယနေ့အချိန်ထိ လာရောက်သူ ၇ ထောင်ကျော် ရှိပါကြောင်း၊ ယခုအချိန်တွင် ခရီးစဉ်များ ရပ်နားထားပြီဖြစ်ကြောင်း၊ အဆိုပါ ၇ ထောင်ကျော်မှ မည်မျှပျံ့နှံ့နိုင်သည်ကို စဉ်းစားကြည့်ပါက သိရှိနိုင်မည် ဖြစ်ကြောင်း၊ စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့် လာရောက်သူများသည် ရန်ကုန်မှတစ်ဆင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ သွားနိုင်ပါကြောင်း၊ ထို့ကြောင့် လူဦးရေ ၇ ထောင်သည် နိုင်ငံအတွင်း မည်မျှကျယ်ကျယ်ပြန့်ပြန့် သွားနိုင်သည်ကို စဉ်းစားကြည့်ပါက သိနိုင်ပါကြောင်း၊ ထို့ကြောင့် စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့် လာရောက်သူများအားလုံးကို ဆက်သွယ်ကြရန် ပြောထားပါကြောင်း၊ မဆက်သွယ်ပါက ဥပဒေကို ချိုးဖောက်ရာရောက်သည့်အတွက် ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း၊ ဥပဒေအရ အရေးယူခြင်းကို တချို့ကကြိုက်ကြမည်မဟုတ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း လုပ်ချင်၍ လုပ်ရခြင်းမဟုတ်ပါကြောင်း၊ မလုပ်မဖြစ်၍ လုပ်ရခြင်းဖြစ်ပါကြောင်း။

### နိုင်ငံတော်အတွက် အကုန်အကျများ

Contact Tracing လုပ်ပြီး ထိတွေ့မှုရှိခဲ့သည့်သူများ အားလုံးကို ရှာဖွေကာ Quarantine ထားရှိစစ်ဆေးသည့်အတွက် မိမိတို့နိုင်ငံသည် ကိုဗစ်ကို ထိန်းချုပ်နိုင်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူအများစုသည် အိမ်ကျဉ်းကျဉ်း၊ တိုက်ခန်းကျဉ်းကျဉ်းထဲတွင် နေထိုင်ကြရပါကြောင်း၊ ရှောင်လွှဲပြီးနေ၍မရသည့်အတွက် တစ်ဦးဖြစ်လျှင် ကျန်သည့်မိသားစုဝင်များကို ကူးစက်မည်ဖြစ်ပြီး ၎င်းတို့မှတစ်ဆင့် ဆက်စပ်မှုရှိသည့်သူများကို ကူးစက်မည်ဖြစ်ပါကြောင်း၊ ထိုသို့မဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အကုန်အကျများပါကြောင်း၊ ပြည်သူတစ်ဦးချင်း တစ်ဦးချင်း၏ အသက်သည် တန်ဖိုးဖြတ်၍ မရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ကုန်ကျစရိတ်ကို ထည့်မတွက်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိကိုယ်ကို တန်ဖိုးထားစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ကိုဗစ်ကို အောင်မြင်စွာထိန်းချုပ်ထားနိုင်သည့် အကြောင်းရင်းတစ်ခုမှာ စောစီးစွာ Quarantine ထား၍ ရောဂါပိုးတွေ့သူများကို ကုသမှုပေးသောကြောင့် ဖြစ်ပါကြောင်း၊ အစောပိုင်းတွင် ပြန့်ပွားမှုနည်းပြီး ယင်းပြန့်ပွားသည့်အထဲမှ ၆ ဦးသာ အသက်ဆုံးရှုံးသည့်အတွက် ပေါ့ဆကြပါကြောင်း။

ကိုဗစ်ကို အောင်မြင်စွာထိန်းချုပ်ထားနိုင်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါပိုးကူးစက်နေသည့် လူဦးရေ(၄၀၀) ရှိပြီဖြစ်ပါကြောင်း၊ မြို့နယ်အတွင်းတွင် ရောဂါတွေ့ရှိသူလူ(၃)ဦးကျော်ပါက Stay at Home လုပ်ပါကြောင်း၊ (၃)ဦးကျော်သည့် မြို့နယ်များသည်လည်း များပြားလာပါကြောင်း၊ ရန်ကုန်မြို့ နေရာအများအပြားတွင် Stay at Home အစီအစဉ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်သူ၊ ရန်ကုန်သားများအနေဖြင့် ယခုအချိန်တွင် မိမိတို့၏ အစွမ်းကို ပြသရမည့် အချိန်ဖြစ်ပါကြောင်း၊ အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

### ပြည်သူများ အားကိုးယုံကြည်သည့် ဌာနဖြစ်ရမည်

အဓိကမှာ ပြည်သူဖြစ်ပြီး ပြည်သူများပါဝင်မှသာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ တစ်ဦးချင်းတစ်ဦးချင်းသည် မိမိကိုယ်တိုင်တင်သာမက ပတ်ဝန်းကျင်ကိုလည်း ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ပံ့ပိုးပေးသမျှသည် ထိရောက်မှုရှိစေရန်လည်း မိမိတို့ပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာသည် အများဆုံး အမုန်းခံရပါကြောင်း၊ ယခုကဲ့သို့ အခြေအနေတွင် ပြည်သူများအကျိုးအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက အမုန်းခံရသည့်ဌာနမှ အချစ်ခံရသည့်ဌာန ဖြစ်သွားမည် ဖြစ်ပါကြောင်း၊ အစိုးရဌာနများသည် ပြည်သူများ အားကိုးယုံကြည်သည့် ဌာနဖြစ်ရမည် ဖြစ်ပါကြောင်း။

### အစိုးရဌာနများအားလုံးတွင် တာဝန်ရှိ

ရခိုင်ပြည်နယ်တွင် နောက်ဆုံးစာရင်းအရ ရောဂါပိုးတွေ့ရှိသူ ၃၉၈ ဦး ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တွင် ၄၀၀ ဖြစ်ပါကြောင်း၊ အင်းစိန်မြို့နယ်တွင် ၆၂ ဦးနှင့် လှိုင်မြို့နယ်တွင် ၄၉ ဦး ဖြစ်ပြီး များပြားလာပါကြောင်း၊ ထိုသို့ များပြားလာမှုကို ကြောက်ရန်မလိုပါကြောင်း၊ ပို၍ စည်းကမ်းလိုက်နာရန် လိုအပ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့် ပတ်သက်၍ တင်းကျပ်စွာ ကိုင်တွယ်ရမည်ဖြစ်ပါကြောင်း၊ တာဝန်မဲ့သည့်လုပ်ရပ်များကို မနှစ်သက်ပါကြောင်း၊ ဥပမာအားဖြင့် ကန့်သတ်ထားသည့်ကြားမှ နိုက်ကလပ်များ ဖွင့်လှစ်ခြင်း စသည်တို့သည် များစွာတာဝန်မဲ့ပြီး ပြည်သူနှင့် နိုင်ငံအပေါ် စေတနာနည်းသည်ဟု သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို တင်းကျပ်စွာ အရေးယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို ကာကွယ်ရမည်ဆိုသည့်စိတ်ဖြင့် အရေးယူရမည် ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ ရပ်ရွာတည်ငြိမ်ရေးအတွက် ထားရှိခြင်းဖြစ်ပါကြောင်း၊ ပြည်သူများကို ဒဏ်ပေးရန် မဟုတ်ပါကြောင်း၊ သို့သော် ရပ်ရွာမတည်ငြိမ်သည့်ကိစ္စရပ်များ လုပ်ဆောင်မည်ဆိုပါက ယင်းသို့အကျိုးဆက်များ ရှိမည်ကို အများနားလည်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေ၏ အကျိုးဆက်များသည် မည်သည့်အရာများဖြစ်သည်ကို ပြည်သူများ နားလည်ရမည်ဖြစ်ပါကြောင်း၊ မည်သည့်အတွက် ယင်းဥပဒေများ ပြဋ္ဌာန်းသည်ကို နားလည်ရမည် ဖြစ်ပါကြောင်း၊ ယင်းတို့ကို နားလည်စေရန် ဆောင်ရွက်ပေးရမည့် တာဝန်မှာ အစိုးရဌာနများအားလုံးတွင် တာဝန်ရှိပါကြောင်း။

ယခုတွင် ကိုဗစ်ရောဂါထပ်မံမပြန့်ပွားစေရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ဌာနအသီးသီးမှ ဝန်ထမ်းများ တာဝန်ကျေပွန်ရုံသာမက ပြည်သူတစ်ယောက်ချင်းသည်လည်း တာဝန်ကျေပွန်စေလိုပါကြောင်း၊ ရခိုင်နှင့် စစ်တွေဘက်မှ လာရောက်သည့် ပုဂ္ဂိုလ်များနှင့် ထိတွေ့မှုရှိခဲ့ပါက သတင်းပေးရန်နှင့် ထိတွေ့မှုရှိသည့်သူများအကြောင်း သိရှိပါကလည်း အသိပေးရန် လိုအပ်ပါကြောင်း၊ ယင်းမှာ တိုင်ကြားခြင်းမဟုတ်ဘဲ အများကို ကာကွယ်ခြင်းဖြစ်ပါကြောင်း၊ Quarantine ဝင်ရမည်မှာ ကြောက်စရာမဟုတ်ပါကြောင်း၊ မိမိသည် ရောဂါရှိသည့်သူများနှင့်ထိတွေ့မှုရှိခဲ့သည်ဟု ပြောရုံဖြင့် ဒုက္ခမရောက်ပါကြောင်း၊ Quarantine ဝင်ရုံပင်ဖြစ်ပြီး ကုသမှုလိုအပ်ပါက ရယူနိုင်ပါကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်းကြိုးစားပေးရန် လိုအပ်ပါကြောင်း၊ ယခုဌာန (၃)ခုကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူလူထုကိုလည်း ဝိုင်းဝန်းကူညီနေသည့် We Love Yangon ကဲ့သို့အဖွဲ့များ၊ တခြားစေတနာ့ဝန်ထမ်းများ၊ မိမိတို့ကို နားလည်မှုပေးပြီး လိုလားစွာဖြင့် ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**“ဥပဒေ၏ အကျိုးဆက်များသည် မည်သည့်အရာများဖြစ်သည်ကို ပြည်သူများ နားလည်ရမည်ဖြစ်ပါကြောင်း၊ မည်သည့်အတွက် ယင်းဥပဒေများ ပြဋ္ဌာန်းသည်ကို နားလည်ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို နားလည်စေရန် ဆောင်ရွက်ပေးရမည့် တာဝန်မှာ အစိုးရဌာနများအားလုံးတွင် တာဝန်ရှိ”**

သတင်းစဉ်

---

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

### ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေး

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများဖြစ်ကာ ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်မှာ နှစ်ပေါင်း (၇၀)ပြည့်မြောက်ပြီဖြစ်ပြီး ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေများ၊ ယခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်တွင် နှစ်ဖက်သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများ၊ တရုတ်နိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ကာလအတွင်း မြန်မာ့တပ်မတော်မှ တရုတ်နိုင်ငံသို့ ရောဂါကာကွယ်ရေး အထောက်အကူပြု ဆေးနှင့် ဆေးပစ္စည်းများ လျင်မြန်စွာ ပေးပို့လှူဒါန်းခဲ့သည့် အခြေအနေများနှင့် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှလည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ စေလွှတ်၍ မြန်မာ့တပ်မတော်သို့ ရောဂါကာကွယ်ရေး အထောက်အကူပြုဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းကာ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတို့တွင် တပ်မတော်နှစ်ရပ်အကြား သတင်းအချက်အလက်များဖလှယ်ကာ အတူတကွပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံ နယ်စပ်ဒေသ လုံခြုံရေး တပ်ဖွဲ့ဝင်များအကြားနှင့် နယ်စပ်ဒေသ စီမံခန့်ခွဲအုပ်ချုပ်နေသည့်အဖွဲ့များအကြား အချင်းချင်းအပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ အခြေခံမူဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် လိုအပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည့်ပြည့်ဝဝ ပါဝင်လျှောက်လှမ်းရန် လိုအပ်သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နေရာများတွင် စက်တင်ဘာ ၃၀ ရက်အထိ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်ဆိုင်းပေးထားသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည့်အခြေအနေများ၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် အေးအတူပူအမျှဖြစ်သည့် အသိုက်အဝန်းထူထောင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

---

## ဘားအံမြို့တွင် ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၂**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ယမန်နေ့ နံနက် ၉နာရီက ဘားအံမြို့နယ် ရွှေတောကျေးရွာ ပိုးကရင်နှစ်ခြင်းခရစ်ယာန်ကျောင်း၌ အခြေခံငါးမွေးမြူရေးနှင့် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် အသိပညာပေးသင်တန်းကို ကျင်းပရာ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးအေးဇော်က အမှာစကားပြောကြားသည်။

ယင်းနောက် ဘားအံခရိုင် ငါးလုပ်ငန်းဦးစီးမှူးက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေကိုလည်းကောင်း၊ ဘားအံငါးလုပ်ငန်းစခန်းတာဝန်ခံက ငါးမွေးမြူရေးကိုလည်းကောင်း၊ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်သီရိဇင်က ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ကို လည်းကောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ



## တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နေပြည်တော်၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။(**အပေါ်ပုံ**)

**သတင်းစဉ်**

# ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

**မြန်မာနိုင်ငံတွင် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှု (Logistics)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြမြေပုံရေးဆွဲနိုင်ရေး၊ Logistics ကဏ္ဍနှင့် ဆက်စပ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပူးပေါင်း၍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းရေးနှင့် သင့်တော်သော စည်းမျဉ်းစည်းကမ်းများနှင့် Logistics လုပ်ငန်းများ လွယ်ကူချောမွေ့စေရေး အထောက်အပံ့ပေးနိုင်မည့်အခြေအနေတစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှု (Logistics) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုဟုခေါ်သည့် Logistics ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစဉ်တစိုက်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားအဆင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်ချက်ဖြင့် National Logistics Master Plan တစ်ရပ်ကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အထောက်အပံ့ဖြင့် ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် Logistics ဝန်ဆောင်မှုလုပ်ငန်းများ မဖြစ်မနေတိုးတက်ရမည်ဖြစ်သည့်အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍကြား ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာမျိုးငြိမ်းအေး က National Logistics Master Plan ကို ရှင်းလင်းတင်ပြဆွေးနွေးပြီး Logistics ကဏ္ဍဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များက လုပ်ငန်းနယ်ပယ်အလိုက် National Logistics Master Plan ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုအသင်းချုပ်(MTLF)၊ မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MMMDA)၊ မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း(MCTA)၊ မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MCBA)၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုများအသင်း (MIFFA)၊ ကမ်းရိုးတမ်းသွားသင်္ဘောပိုင်ရှင်များအသင်း(CVSA)၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MHF-TSA)တို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်၍ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောင်းကုန်းမြို့နယ်တွင် စွန့်လွှတ်မြေ ၄၂ ဧကကို မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်

**ကျောင်းကုန်း စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ကျောင်းကုန်းမြို့နယ်အတွင်း စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကျောင်းကုန်းမြို့နယ်အနေဖြင့် မကျီးပင်ကွင်းအုပ်စု ဒါးကမြစ်ရေတင်စီမံကိန်းကို ၂၀၀၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိတော့သည့်အတွက် အသုံးပြုရေယာ ၃၈၇ ဒသမ ၇၅ ဧကအနက် ၂၀၁၂ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် စုစုပေါင်း လယ်မြေ ၃၄၅ ဒသမ ၄၇ ဧကကို တောင်သူ ၃၂၇ ဦး လက်ဝယ်သို့ ပုံစံ(၇)များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် တာပေါင်များကိုလည်း ယခုဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် ဆက်လက်ဖျက်သိမ်းမြေညှိပြီးသည့် လယ်မြေ ၄၂ ဒသမ ၀၁ ဧကကို မူလတောင်သူ ၃၉ ဦး လက်ဝယ်သို့ ယနေ့တွင် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်(**ဝဲပုံ**)နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက မူလတောင်သူ ၃၉ ဦးထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)ပေးအပ်ပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# နမ့်ခမ်းမြို့၌ ကျေးရွာအုပ်စုများအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**နမ့်ခမ်း စက်တင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ဩဂုတ် ၃၁ ရက်က နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုအား နိုင်ငံသားစိစစ်ရေးကတ် ၁၀၀၅ ကတ်ကို ပေးအပ်သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်လဝကဦးစီးမှူး ဦးစန်းလွင်က လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်လဝကဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်စုတစ်ခုချင်းအလိုက် ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြသည်။

ဝေမွန်(ရွှေရည်မြေ)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ရေးအစီအစဉ်ကျင်းပ

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်း၊ ကြေညာခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့်သတင်းများ ထုတ်ပြန်သည့်အစီအစဉ်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ယနေ့ မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးသန်းဌွေး၊ ဦးဆွေတင့်လွင်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်း၊ ကြေညာခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ထို့နောက် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က သတင်းမီဒီယာအဖွဲ့များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။(**ယာပုံ**) ယနေ့သတင်းထုတ်ပြန်ရေးအစီအစဉ်သို့ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာ ၂၇ ဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်း တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

**ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ NEDA – Neighbouring Countries Economic Development Coo–peration Agency တို့အကြား ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ–ထိုင်းနယ်စပ် (ထီးခီး) သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်းစီမံကိန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

**လုပ်ငန်းစဉ်များ ဆွေးနွေး**

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ–ထိုင်းနယ်စပ် (ထီးခီး) သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်း စီမံကိန်းဖောက်လုပ်ရေးနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ NEDA နှင့် ညှိနှိုင်းဆွေးနွေးခြင်း တိုးတက်မှုအခြေအနေများ၊ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားပြီးဖြစ်သည့်ချေးငွေကို ထိုင်းနိုင်ငံမှရရှိရေးအတွက် NEDA နှင့် ညှိနှိုင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ–ထိုင်းနယ်စပ် (ထီးခီး) သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းစီမံကိန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# JICA ထံမှ ချေးငွေ ဂျပန်ယန်း ၃၀ ဘီလီယံ ရယူရေးဆိုင်ရာ မြန်မာ- ဂျပန် နှစ်နိုင်ငံအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်တို့အား လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂**

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ကုစားနိုင်ရန် ရည်ရွယ်၍ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ထံမှ ချေးငွေ ဂျပန်ယန်း ၃၀ ဘီလီယံ ရယူရေးဆိုင်ရာ နှစ်နိုင်ငံအစိုးရများအကြား လဲလှယ်မှုစာချွန်လွှာ (Exchange of Notes) နှင့် ချေးငွေစာချုပ် (Loan Agreement) တို့အား စက်တင်ဘာ ၁ ရက်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် JICA တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

လဲလှယ်မှုစာချွန်လွှာကို မြန်မာနိုင်ငံ အစိုးရကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ တို့က လည်းကောင်း၊ ချေးငွေစာချုပ်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ မြန်မာနိုင်ငံရုံးခွဲအကြီးအကဲ ဆာကခုရနိုရိဂျိ တို့က လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါချေးငွေကို ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးစရိတ်များ တိုးမြှင့်သုံးစွဲခြင်း၊ ကိုဗစ်–၁၉ ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများအတွက် နိုင်ငံတော်က ဦးဆောင်ပံ့ပိုးကူညီရခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်မှုနှင့် စီးပွားရေး ကျဆင်းနိုင်မှုတို့ကို ပြန်လည်ထူထောင်နိုင်ရန်အတွက် ကုစားရေးအစီအစဉ်များ စီမံဆောင်ရွက်ရခြင်းတို့အတွက် အဓိကသုံးစွဲနိုင်ရန် ရယူခဲ့ခြင်းဖြစ်ပြီး ချေးငွေရယူရေးအတွက် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂**

စင်ကာပူနိုင်ငံတွင် စာချုပ်သက်တမ်းကျော်လွန်၍ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၂၈ ဦးအား မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဆော်ဒီအာရေဗျနိုင်ငံ၊ ယူအေအီးနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး ရီယာဒ်မြို့၏ အစီအစဉ်ဖြင့် သတ္တမကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ အဆိုပါ ကယ်ဆယ်ရေး လေယာဉ်တွင် ဆော်ဒီအာရေဗျမှ ၁၁ ဦး၊ ယူအေအီးမှ ၆၇ ဦး၊ အီဂျစ်မှ ၇၆ ဦး၊ ပါကစ္စတန်မှ လေးဦး၊ ဂျာမနီမှ တစ်ဦး၊ အင်္ဂလန်မှ သုံးဦး၊ အစ္စရေးမှ တစ်ဦး၊ ရုရှားမှ တစ်ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၆၄ ဦး လိုက်ပါလာခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေး တို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၃၃၆၄ ဦးအား ကယ်ဆယ်ရေး လေယာဉ်/အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မြိတ်-ထားဝယ် ကားလမ်းပေါ်ရှိ သမုတ်လွှတ်လွှတ်တံတား မကြာမီ အသုံးပြုနိုင်တော့မည်

**မြိတ် စက်တင်ဘာ ၂**

မြိတ်–ထားဝယ် ကားလမ်းပေါ်ရှိ သမုတ်လွှတ်လွှတ်တံတားကို ရာနှုန်းပြည့် တည်ဆောက် ပြီးစီးနေပြီဖြစ်၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ မကြာမီ ဖြတ်သန်းအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သမုတ်–လွှတ်လွှတ် တံတားသည် ၁၂၈၇ ပေရှည်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်း တစ်ဖက်သုံးပေစီ ပါရှိသည့် နှစ်လမ်းသွားတံတားဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေနှင့် ရေလမ်းကင်းလွတ် အမြင့်သည် ရေအတက်ဆုံးအချိန်တွင် ၁၅ ပေရှိသည်။ အဆိုပါတံတားကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် တံတား တည်ဆောက်ရေးလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကာ ချဉ်းကပ်လမ်းနှင့် တံတားအပေါ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနက ဆောင်ရွက်နေမှုမှာလည်း ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"သမုတ်လွှတ်လွှတ် တံတားက ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ တံတားမတည်ဆောက်နိုင်ခင်တုန်းက သမုတ်မြစ်ကို ရှောင်ကွင်းပြီး ဖောက်ထားတဲ့ ရှောင်ကွင်းလမ်းကနေ ဖြတ်သန်းသွားလာရတဲ့အတွက် ၂၅ မိုင်ခန့် သွားရပါတယ်။ တံတားပြီးစီးသွားရင်တော့ ၁၄ မိုင်ပဲ သွားရမှာဖြစ်ပြီး ၁၁ မိုင် သက်သာသွားမှာဖြစ်ပါတယ်။ ယာဉ်မောင်းချိန်လည်း ၄၅ မိနစ်ခန့် သက်သာပါမယ်။ ရှောင်ကွင်းလမ်းက တောင်ကြောပေါ်က ဖောက်ထားတဲ့အတွက် အတက်အဆင်း အကွေ့အကောက်များလို့ အမြန်သွားလို့ မရပါဘူး။ သမုတ်လွှတ်လွှတ် တံတားလမ်း က ယာဉ်မောင်းချိန် ပိုမြန်သွားမှာ ဖြစ်ပါတယ်" ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက ပြောသည်။

အဆိုပါ တံတားကို ရန်ပုံငွေစုစုပေါင်း ကျပ်သန်း ၁၁၈၀၀ ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန် – ကိုကိုးကျွန်း ခရီးစဉ် ပထမအခေါက် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်-ကိုကိုးကျွန်း ပထမအခေါက်ခရီးစဉ်ကို သူရိယ စန္ဒာဝင်း ကုမ္ပဏီပိုင် MV. CHARITES ရေယာဉ်ဖြင့် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ စတင်ထွက်ခွာသွားခဲ့သည်။ (ယာပုံ)




ယင်းခရီးစဉ်တွင် ရေယာဉ်ဝန်ထမ်း ၁၃ ဦးအပါအဝင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစု သုံးဦး၊ မီးလင်းရေးစီမံချက်အတွက် ကုမ္ပဏီ ဝန်ထမ်း ၄၃ ဦးနှင့် ခရီးသည် ၂၀ စုစုပေါင်း ၆၆ ဦးတို့ လိုက်ပါသွားကြသည်။ ခရီးစဉ်တွင် လိုက်ပါမည့်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ Coronavirus Disease 2019 (COVID – 19) နှင့် ပတ်သက်၍ နှစ်ရက် ကြိုတင်ကာ သတ်မှတ်ထားသော Quarantine Center တွင် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ကုန်တိုင်းတစ်တိုင်းလုံး မီးလင်းရေး စီမံချက်အရ ကိုကိုးကျွန်းမြို့နယ်သို့ ၂၄ နာရီ မီးလင်းရေး စီမံကိန်းအတွက် YESC က ပို့ဆောင်သည့် စုစုပေါင်း ၈၃၁ ဒသမ ၅ တန်ရှိ ဓာတ်တိုင်များ၊ ဆိုလာများနှင့်ဆက်စပ်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် လူနာတင် မော်တော်ယာဉ် နှစ်စီးနှင့် မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာအတွက် မော်တော်ယာဉ် လေးစီး စုစုပေါင်း မော်တော်ယာဉ် ခြောက်စီးတို့ကို သယ်ဆောင်သွားခဲ့သည်။

အဆိုပါ ထွက်ခွာရာသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# International Army Games–2020 Tank Biathlon ပစ်ခတ်ခြင်းပြိုင်ပွဲတွင် မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ အကြိုဗိုလ်လုပွဲ၌ ပထမရရှိ၊ ဗိုလ်လုပွဲ ဆက်လက်ယှဉ်ပြိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ် ၂၃ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games–2020 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲ (Tank Biathlon) ၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာ ၁ ရက်တွင် အကြိုဗိုလ်လုပွဲဖြစ်သော လက်ဆင့်ကမ်းမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲ (Relay Race) ပွဲစဉ် (၁) ကို အာဆီယံဒေသတွင်း ပြိုင်ဘက်အသင်းဖြစ်သည့် ဗီယက်နမ် တင့်တပ်ဖွဲ့နှင့် ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့က ပြိုင်ပွဲဝင် စံချိန် ၂ နာရီ ၁၈ မိနစ် ၄ စက္ကန့်ဖြင့် ပထမနေရာမှ ပန်းဝင်ခဲ့သဖြင့် ဗိုလ်လုပွဲအဆင့်သို့ ထိုက်တန်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရှိရသည်။



မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့အနေဖြင့် အုပ်စုပွဲများအဖြစ် တစ်စီးချင်း မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Individual Race) တွင် ဗီယက်နမ်၊ ကာတာ၊ တောင်အာဖ္စက်တီယာ အသင်းများနှင့်အတူ ယှဉ်ပြိုင်ခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် တိုက်ယာဉ်အဖွဲ့ (၁) က ပြိုင်ပွဲဝင်စံချိန် ၃၆ : ၂၇ မိနစ် ဖြင့် တတိယနေရာ၌ လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် တိုက်ယာဉ်အဖွဲ့ (၂) က ပြိုင်ပွဲဝင်စံချိန် ၄၂ : ၄၃ မိနစ်ဖြင့် ဒုတိယနေရာ၌လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် တိုက်ယာဉ်အဖွဲ့ (၃) က ပြိုင်ပွဲဝင်စံချိန် ၃၃ : ၃၉ မိနစ် ဖြင့် ပထမနေရာ၌ လည်းကောင်း အသီးသီးပန်းဝင်ခဲ့ပြီး တစ်စီးချင်း မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Individual Race) တွင် တိုက်ယာဉ်အဖွဲ့ ၃ ဖွဲ့ပေါင်းစံချိန် ၁ နာရီ ၅၂ မိနစ် ၄၉ စက္ကန့်ဖြင့် အုပ်စု(၂) အသင်း ၈ သင်းတွင် အဆင့် ၄ ရရှိ၍ တာဂျစ်ကစ္စတန်၊ ဗီယက်နမ်၊ လာအို၊ ကွန်ဂို အသင်းတို့နှင့်အတူ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲအဖြစ် လက်ဆင့်ကမ်း မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Relay Race) ကို မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မမအမြောက်အားမောင်းလျက် ကျည် ၃ တောင့် ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မမ လေယာဉ်ပစ်စက်သေနတ်ကျည်တောင့် ၂၀ နှံ့ရပ်လျက် ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မမ ယှဉ်တွဲစက်သေနတ်ကျည်တောင့် ၃၀ ရပ်လျက်ပစ်ခတ်ခြင်းတို့ကို မောင်းနှင်ယှဉ်ပြိုင်ရမည့် ပတ်လမ်းပုံစံ ၄ ခုအနက်မှ မဲနှိုက်၍ ကျရာပတ်လမ်းတွင် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့အနေဖြင့် အကြိုဗိုလ်လုပွဲကို စက်တင်ဘာ ၁ ရက်တွင် အာဆီယံဒေသတွင်း ပြိုင်ဘက်အသင်းဖြစ်သည့် ဗီယက်နမ် တင့်တပ်ဖွဲ့နှင့် ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့က ပြိုင်ပွဲဝင်စံချိန် ၂ နာရီ ၁၈ မိနစ် ၄ စက္ကန့်ဖြင့်လည်းကောင်း၊ ဗီယက်နမ် တင့်တပ်ဖွဲ့က ပြိုင်ပွဲဝင်စံချိန် ၂ နာရီ ၂၃ မိနစ် ၁၆ စက္ကန့်ဖြင့်လည်းကောင်း ပန်းဝင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ လက်ဆင့်ကမ်း မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Relay Race) ပွဲစဉ် (၂) ကို တာဂျစ်ကစ္စတန်၊ လာအို၊ ကွန်ဂို နိုင်ငံအသင်းများက စက်တင်ဘာ ၂ ရက်တွင် ယှဉ်ပြိုင်ကြပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည့် ဗိုလ်လုပွဲကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်၊ ဓာတ်ပုံ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ရန်ကုန်မြို့မှပြေးဆွဲနေသော အဝေးပြေးယာဉ်လိုင်းများကို ရခိုင်ပြည်နယ်မှအပ ဆက်လက်ပြေးဆွဲပေးနေ

**ရန်ကုန် စက်တင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကာလတွင် ရန်ကုန်မြို့မှ ပြေးဆွဲနေသော အဝေးပြေးယာဉ်လိုင်းများအနေဖြင့် ရခိုင်ပြည်နယ်မှအပ အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လူချဲထိုင်စီးစနစ်ဖြင့် ဆက်လက်ပြေးဆွဲပေးနေပြီး ခရီးသည်တစ်ဦးလျှင် တစ်ခုံခြား၍ စီးနင်းလိုက်ပါစေသော်လည်း ယာဉ်လိုင်းအများစုတွင် ကားလက်မှတ်ခများမှာ လူတစ်ဦးလျှင် ကားခနှစ်ဆမပေးရဘဲ ပုံမှန်ဈေးထက် အနည်းငယ်မျှသာ ပိုပေးရကြောင်း သိရသည်။

“ရန်ကုန်ကနေ ကျိုက်ထိုကို ကားခက ကျပ်ငါးထောင်၊ ဘီးလင်းကို ခုနစ်ထောင်၊ မော်လမြိုင်ကို ကျပ်တစ်သောင်း၊ မန္တလေးကို ရိုးရိုးဘတ်စ်ကားခက တချို့က တစ်သောင်း၊ တချို့က တစ်သောင်းတစ်ထောင်၊ VIP ဘတ်စ်နဲ့ဆို တစ်ယောက်ကို တစ်ခုံထိုင်ပဲဆိုတော့ သူက ဈေးမတက်ဘူး ကျပ် ၁၄၅၀၀ ပဲ။ နေပြည်တော်ကို ကျပ်တစ်သောင်း တချို့က ယူပါတယ်။ တန်ဆာခက ပုံမှန်ပါပဲ။ ခရီးသည်လက်မှတ်ခ နှစ်ဆပေးရတယ်ဆိုတာ ဂိတ်အတော်များများက မဟုတ်ပါဘူး။ တစ်ထောင်၊ နှစ်ထောင်ကျပ် ပဲ ကားခပိုပေးရတာပါ။ နှစ်ခုံစာ ကျယ်ကျယ်ထိုင်ရပါတယ်။ တန်ဆာခလည်း မတက်ပါဘူး”ဟု ရှမ်းမလေး–ရွှေမန်းသူ–ရွှေမြိုင်သူ ကားဂိတ်မှ လက်မှတ်ရောင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့နှင့် မြန်မာတစ်နိုင်ငံလုံးသို့ အဝေးပြေး ဘတ်စ်ကားလိုင်းပေါင်း ၁၁၆ လိုင်းက ဇွန်လတွင် ခေါက်ရေ ၁၉၄၀၉ ခေါက်၊ ခရီးသည် ၂၀၈၄၆၆ ဦးနှင့် ဇူလိုင်လတွင် ခေါက်ရေ ၂၄၅၅၄ ခေါက်၊ ခရီးသည် ၂၉၆၉၉၆ ဦးတို့ကို ပို့ဆောင်ပေးခဲ့ပြီး ခရီးသွားလာသူ သုံးပုံတစ်ပုံခန့်၊ ခရီးသည် တစ်သိန်းခန့် ပိုများလာကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (အဝေးပြေး) အောင်မင်္ဂလာပို့ဆောင်ရေးယာဉ်လိုင်း တာဝန်ခံထံမှ သိရသည်။

အောင်မင်္ဂလာနှင့် ဒဂုံရေ ာ အဝေးပြေးကားဝင်း နှစ်ခုအပြင် ရန်ကုန်မှ ပဲခူး၊ ညောင်လေးပင်မြို့များသို့ပြေးဆွဲနေသည့် ဘတ်စ်ကားလိုင်းများအားလုံးမှာလည်း ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေး ကာလအတွင်း ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ လူချဲထိုင်စနစ်ဖြင့်သာ စီးခွင့်ပြုထားပြီး ယခင်က ကျပ် ၁၀၀၀ မှ ယခု ကျပ် ၁၅၀၀ နှုန်းဖြင့် ပြေးဆွဲလျက်ရှိသည်။ ကိုဗစ်–၁၉ ရောဂါ မကူးစက်မီကနှင့် နှိုင်းယှဉ်ပါက အချို့ယာဉ်လိုင်းများမှာ ပုံမှန် ကားလက်မှတ်ခသာ ပေးရကာ ယာဉ်လိုင်းအများစုမှာ သာမန်ကာလထက် ကားလက်မှတ်ခ အနည်းငယ်သာ ပိုပေးရကြောင်း အောင်မင်္ဂလာအဝေးပြေးရှိ ဂိတ်များမှ သိရသည်။

မန်းရွှေပြည်ကားလိုင်းမှ ကားလက်မှတ်အရောင်း တာဝန်ခံတစ်ဦးကလည်း “ကျွန်တော်တို့လိုင်းက ရန်ကုန်–မန္တလေးကို ပုံမှန် လက်မှတ်ခ ကျပ် ၁၀၀၀၀ က အခု ၁၁၀၀၀၊ လားရှိုးကို အရင် ကျပ် ၁၄၅၀၀ က အခု ၁၅၀၀၀ ပဲ ယူပါတယ်။ ရန်ကုန်–မန္တလေး–လားရှိုးကို ပြေးဆွဲနေတဲ့ မန်းရွှေပြည်ကားလိုင်းက ၁၀ ကြိမ်စီးဖူးတဲ့ ခရီးသည်တိုင်းကို ကားလက်မှတ်ဟောင်းတွေစုပြီး တစ်ကြိမ် အခမဲ့ပေးစီးပါတယ်။ ရခိုင်ဘက်သွားတဲ့ ခရီးသည်တင်ယာဉ်လိုင်းတွေတော့ အခု ပိတ်ထားပါတယ်။ ကုန်တင်ကားတွေကိုတော့ ကုန်စည်စီးဆင်းမှုမပြတ်အောင် သွားခွင့်ပြုထားပါတယ်။ ကုန်ကားတစ်စီးကို ယာဉ်မောင်းနဲ့ နောက်လိုက်နှစ်ယောက်ပဲ လိုက်ပါခွင့်ပြုပါတယ်။ လူပိုတင်ခွင့်မပြုပါဘူး” ဟု ပြောသည်။

ရခိုင်ပြည်နယ်သို့ပြေးဆွဲသည့် ယာဉ်လိုင်းအချို့အနေဖြင့် ခရီးသည်တင်ယာဉ်မထွက်သော်လည်း ပါဆယ်များ လက်ခံသယ်ယူပို့ဆောင်ပေးနေကြောင်း သိရသည်။ “ဒီနေ့ ရန်ကုန်ကို ပါဆယ်ကားတော့ထွက်ပါတယ်။ လူတော့ လက်မခံပါဘူး” ဟု ရိုးမရာဇာကားဂိတ်မှ တာဝန်ခံတစ်ဦးက ပြောသည်။

**သန့်ဇင်ဝင်း**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မောင်တောခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့မှုများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan-CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများအား စားသောက်ကုန်ငါးမျိုး ဝယ်ယူရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်တွင် Virtual Meeting ဖြင့် ကျင်းပခဲ့သည်။



အဆိုပါ အစီအစဉ်အရ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ စေတီတောင်ရွာ ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၆၂၄ စု၊ ခွဆုံရွာ ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၃၁၀၊ ဒုံးသိမ်ဓမ္မာရုံမှ အိမ်ထောင်စု ၁၁ စု၊ ရန်အောင်မြေ ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၁၇၁ စု၊ လမ်းမဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၅၅၄ စု၊ ဂန္ဓာရီတောရပရဟိတ ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၆၉ စု၊ မြတောင်ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၂၀၅ စု၊ မြောင်းနား တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၈၂ စု၊ အောင်ပရွာမှ အိမ်ထောင်စု ၂၅ စု စုစုပေါင်း ယာယီတိုက်ပွဲရှောင်စုရပ် ကိုးခုရှိ စုစုပေါင်း အိမ်ထောင်စု ၂၀၅၁ စုတို့အတွက် စားသောက်ကုန်ငါးမျိုး ဝယ်ယူရန် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၈၂၀၄၀၀၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မောင်တောခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ခရိုင်စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ပူးပေါင်း၍ ယမန်နေ့က ထောက်ပံ့ခဲ့ကြောင်း၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်နှင့် ကျောက်ဖြူခရိုင်များရှိ IDP နှင့် တိုက်ပွဲရှောင်အိမ်ထောင်စုများကိုလည်း ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၀၂ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၂**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၀၂ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှ တစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။ **(ယာပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်တွင် ၃၉၃ ဦး၊ စက်တင်ဘာ ၂ ရက်တွင် ၇၀၂ ဦး စုစုပေါင်း ၇၂၇၀၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၄၃၆ ဦး၊ အမျိုးသမီး ၂၆၆ ဦး စုစုပေါင်း ၇၀၂ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## စည်းလုံးညီလျှင် အောင်မြင်မည်

ပြဿနာဆိုတာ
မဆန်းပါဘူး
ကမ္ဘာဦးအစမှ
ယနေ့ကာလအထိ
လူသားရှိလျှင်
အသွင်အမျိုးမျိုး
အဆိုးအကောင်း
သောင်းပြောင်းထွေလာ
ရှိနေမှာပဲ
အခက်အခဲကို
ရဲရဲရင်ဆိုင်
ကျော်ဖြတ်နိုင်ဖို့
"ပြိုင်တူ တွန်းလျှင်
အမှန်ပင်ရွေ့"...
ယနေ့ကပ်ဘေး
ကိုဗစ်အရေးသည်
စည်းလုံးညီက
မုချအောင်မြင်မည်..တို့ယုံကြည်၏။

ဟင်္သာတမြင့်ငွေ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၉-၂၀၂၀

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၃ ဒသမ ၆၃ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ တောင်ကုတ်မြို့နှင့် ပိုင်ကျုံမြို့တို့တွင် ၂ ဒသမ ၈၀ လက်မစီ၊ ပျဉ်းမနား(ဝဲကြီး)တွင် ၂ ဒသမ ၃၆ လက်မ၊ ကမမောင်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ လက်ပံတန်းမြို့၊ ဘားအံ (စိုက်ပျိုးရေး မိုးလေဝသ)နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၀၉ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**





# မြန်မာ-တရုတ် နယ်စပ်ဂိတ်မှ နေရပ်ပြန် ပြည်သူ ၁၉ ဦး ဝင်ရောက်

**ချင်းရွှေဟော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ စက်တင်ဘာ ၁ ရက် ညနေ ၆ နာရီက လေးဦးနှင့် ယနေ့မွန်းလွဲ ၃ နာရီခွဲက ၁၅ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၉ ဦး ထပ်မံဝင်ရောက်လာကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၉ ဦးမှာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး သုံးဦးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်း ဒေသကြီးမှ သုံးဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ကချင်ပြည်နယ်မှ သုံးဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ နေပြည်တော်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ လေးဦးဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၂၃၁ ဦးနှင့် အမျိုး သမီး ၆၆၁၈ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၈၄၉ ဦးတို့ကို လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေဟုခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စု အစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စု အတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)

## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု ၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

## အခန်း (၃)

## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုး အစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလ လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ် အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီး ဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီး ဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြ ရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု ၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံ ရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)

## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု ၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေး အတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိ လိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)

## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲ ဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲ ဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့် စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထား ခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ် ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံ ခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင် ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များ ဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုး သတ်မှတ်ရာတွင် အလားတူ အထူးကုန်စည် အတွက် ပြည်ပမှ တင်သွင်းရာတွင် သတ်မှတ် သည့် ကုန်းပေါ်ရောက် တန်ဖိုးနှင့် တစ်ပြေးညီ ဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၀ ကျပ်အထိ အဆင့် ဖြစ်လျှင် | တစ်လိပ် လျှင် ၉ ကျပ် |
| | (ခ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ် မှ ကျပ် ၈၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ် လျှင် ၁၈ ကျပ် |
| | (ဂ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ် မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ် လျှင် ၂၃ ကျပ် |
| | (ဃ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်နှင့် အထက် အဆင့် ဖြစ်လျှင် | တစ်လိပ် လျှင် ၂၆ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင် ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ် လျှင် ၈၀ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက် ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေး အမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၁၈၀ ကျပ် |
| | (ခ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၄၄၉ကျပ် |
| | (ဂ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၇၄၉ ကျပ် |
| | (ဃ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၁၀၄၉ ကျပ် |
| | (င) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၁၃၄၉ ကျပ် |
| | (စ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၁၆၄၈ ကျပ် |
| | (ဆ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၁၉၄၈ ကျပ် |
| | (ဇ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၂၂၄၈ ကျပ် |
| | (ဈ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၂၅၄၈ ကျပ် |
| | (ည) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၂၈၄၇ ကျပ် |
| | (ဋ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၃၁၄၇ ကျပ် |
| | (ဌ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ် လီတာ ၃၄၄၇ ကျပ် |

ဆက်လက်ဖော်ပြပါမည်

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက မြဝတီမြို့ အမှတ် (၄) ရပ်ကွက် ကရင်စုလမ်းနေ ဦးအောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံး တို့ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီက ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ပင်းကြိုင်းကျေးရွာအုပ်စု ပင်လောင်ကျေးရွာ ဘုရားအနီးတွင် ခင်မောင်ချို (ခ)ဖိုးချို မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဖန်မင်ကျေးရွာနေ အိုက်ပေ့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀ ကို လည်းကောင်း။

အလားတူ ဩဂုတ် ၃၀ ရက် ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းကိုင်မြို့နယ် မိုင်းကိုင်-လဲချားသွားကားလမ်း မိုင်တိုင်အမှတ် (၄၉) အနီးတွင် စစ်ဆေးရေးဆောင်ရွက်နေစဉ် ပြည့်ဖြိုး (ခ) ဖြိုးအောင် မောင်းနှင်လာသော ၁၂ ဘီးယာဉ်အား ရပ်တန့်၍ စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိဟိုက်ဒရိုကလိုရစ်အက်ဆစ် ၁၂၀၀၀ လီတာ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုင်းကိုင်မြို့နယ် လွယ်ရှီးကျေးရွာအနီးတွင် ဂျန်မာခါး (ခ) လောက်ပ (ခ) တင်ဦး အား ပါကျဲရိုယာဉ်တစ်စီး၊ KBZ ATM ကတ်တစ်ခု၊ မြန်မာငွေကျပ် ၁၁၃၅၈၀၀၊ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွှာငံမြို့နယ် ကျောက်ဂူပြင်ကျေးရွာအုပ်စု ကျောက်ဂူပြင်ကျေးရွာ ရွှာငံ-ကျောက်ဆည်သွားကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၉ ကီလိုနှင့် ၎င်းထံမှလက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဂျန်မာခါး (ခ) လောက်ပ (ခ) တင်ဦး၊ ဖြိုးအောင် (ခ) ပြည့်ဖြိုး တို့အားဖမ်းဆီးရမိသည့် ဟိုက်ဒရိုကလိုရစ်အက်ဆစ်များနှင့်အတူ တွေ့ရစဉ်။

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၄၄၀၊ သွင်းကုန် ၃၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်း တန်ဖိုးငွေကျပ် ၀ ဒသမ ၁၂ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် M-150 တစ်ပါကင် ၅၀ ပါ ၁၁ ပါကင်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စဥ့်ကူးမြို့နယ်၌ ခိုးမှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**
မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်၌ စက်တင်ဘာ ၁ ရက်က နေအိမ်အတွင်း ဝင်ရောက်၍ ငွေကျပ်သိန်း ၃၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ကျောက်မျိုးစုံရောရာ ကာလတန်ဖိုးငွေကျပ်သိန်း ၈၀ ခန့်အား ခိုးယူသွားသူကို ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာနေ ဒေါ်မာမာလင်း (၃၇နှစ်) သည် စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီက နေအိမ်အောက်ထပ် ညှော်ခန်းတွင် အိပ်ပျော်နေရာမှ နိုးလာစဉ် စားပွဲခုံပေါ်တွင် တင်ထားသော ငွေကျပ်သိန်း ၃၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ကျောက်မျိုးစုံရောရာ ကာလတန်ဖိုးငွေကျပ်သိန်း ၈၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းချက်အရ လက်ပန်လှနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် နယ်မြေအတွင်း သတင်းရယူစုံစမ်းခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် ကျည်တောက်ပေါက် ကျေးရွာမြောက်ဘက် အမှတ်(၈)ရပ်ကွက်ရှိ သံတံတားအနီး လူမနေသည့်တဲတွင် ဆိုင်ကယ်ကို ကားလမ်းဘေး၌ ရပ်ထားပြီး မသင်္ကာဖွယ် လူတစ်ဦး တဲပေါ်တွင် အိပ်နေကြောင်း သတင်းရရှိ၍ သွားရောက်စစ်ဆေးရာ လက်ပန်လှကျေးရွာနေ နိုင်းနိုင်း(ခ)ငနိုင်(ခ)ပလောက်တောက် (၂၈နှစ်) ဖြစ်ပြီး ၎င်းနှင့်အတူ ပါရှိသည့် အမျိုးသမီးသုံး သားရေအိတ်ကို ရှာဖွေရာ အဆိုပါ အိတ်အတွင်းမှ ဒေါ်မာမာလင်း ပျောက်ဆုံးသွားသည့် သက်သေခံပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်းနိုင်းအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ထင်းမီးဖြင့် ခြင်မီးခိုးမှိုင်းတိုက်ရာမှ နေအိမ်တစ်လုံး မီးလောင်

**ရေး စက်တင်ဘာ ၂**
မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ကိုးမိုင်ကျေးရွာတွင် ယမန်နေ့ ည ၁၂ နာရီခန့်က အဆိုပါကျေးရွာ ရပ်ကွက် (၃)ရှိ ဒေါ်လှတင် (၆၂နှစ်)၏ နေအိမ်တွင် ထင်းမီးဖြင့် ခြင်မီးခိုးမှိုင်းတိုက်ရာမှ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ ကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ရာ ပတ်ဝန်းကျင်နေအိမ်များသို့ ကူးစက်လောင်ခြင်းမရှိဘဲ ၄၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်လှတင်၏ ပေ (၃၀ x ၂၀) ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်နေအိမ်တစ်လုံး မီးလောင်ပြီး ထိခိုက်ဒဏ်ရာ ရရှိသူ မရှိကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ ဒေါ်လှတင်ကို ခေါဇာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ညီညီချမ်း (ပြန်/ဆက်)**

## သာကေတမြို့နယ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် ဆိုင်ကယ် ၁၃ စီး ခိုးမှုကျူးလွန်သူ တစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၂**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၇ ရက်က အရှေ့ပိုင်းခရိုင် နယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ရွာ စက်မှုဇုန်(၂) ငါးခြောက်တန်း(၃) လမ်းနေ ဇော်ထွန်း(ခ)ရွှေအ ကို သာကေတမြို့နယ် (၁၀/မြောက်) ရပ်ကွက် ရတနာအိမ်ရာလမ်းမပေါ်၌ တွေ့ရှိစစ်ဆေးရာ ၎င်းသည် ယခုနှစ် မေလမှ ဇူလိုင်လအထိ သာကေတမြို့နယ် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့အတွင်း လှည့်လည်သွားလာ၍ လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ် ၁၃စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဆိုင်ကယ် ၁၃စီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ဇော်ထွန်း(ခ)ရွှေအကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူ ဇော်ထွန်း( ခ) ရွှေအ နှင့် သက်သေခံပစ္စည်းများအား တွေ့ရစဉ်။


## ဒိုက်ဦးမြို့နယ်၌ မိုးကြိုးပစ်ခံရ၍ အမျိုးသားတစ်ဦးသေဆုံး

**ဒိုက်ဦး စက်တင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပန္ဒတ်ကျေးရွာအုပ်စု ခမွန်ဆားကြင်းလယ်ကွင်းအတွင်း စက်တင်ဘာ ၁ ရက် ညနေ ၅ နာရီခန့်က လယ်အတွင်း လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် အမျိုးသားတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ သတင်းအရ ဒိုက်ဦးမြို့မရဲစခန်းမှ ဒုရဲမှူးကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးတင်ဝင်း (၅၂နှစ်) မြကွက်သစ်ပိုင်း ဖအောင်ဝဲကျေးရွာနေသူဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒိုက်ဦးမြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**


# အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။




○ *ကျောဖုံးမှ*

ကစားသမားတစ်ယောက်ပါ။ နောက်ပြီးအသင်းအများအပြားကလည်း သူ့လိုကစားသမားမျိုးကို ခေါ်ယူချင်နေတယ်” ဟု ပြောကြားသည်။ နည်းပြအာတီတာကလည်း “ဂါဘရီရယ်ကို အာဆင်နယ်ကနေ ကြိုဆိုပါတယ်။ သူက ထိပ်တန်းအရည်အသွေးရှိတဲ့ ကစားသမားတစ်ယောက်ပါ” ဟု ပြောသည်။

မက်ဂါဟဲ့စ်သည်တနင်္လာနေ့က အင်္ဂလန်သို့ရောက်ရှိလာခဲ့ပြီးအာဆင်နယ်လေ့ကျင့်ရေးကွင်းတည်ရှိရာ လန်ဒန်ကိုလ်နေသို့ သွားရောက်ခဲ့ကာ ဆေးစစ်မှုခံယူ၍ အပြောင်းအရွှေ့ကို အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပြင်သစ်မှ ရောက်ရှိလာပြီးနောက် အသွားအလာကန့်သတ်ခံယူနေပြီး အသင်းဖော်များနှင့် မထိတွေ့မီ ၁၄ ရက်ကြာ သီးသန့်ခွဲခြား နေထိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

၎င်းကို တနင်္လာနေ့က အာဆင်နယ်ကစားသမားများ၏ ကိုဗစ်-၁၉ စစ်ဆေးမှုနောက်ဆုံးအကြိမ်ကို ပါဝင်နိုင်ရန်အတွက် တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများနှင့်အတူ အာဆင်နယ်လေ့ကျင့်ရေးကွင်းဖြစ်သည့် လန်ဒန်ကိုလ်နေသို့ ဝင်ရောက်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မက်ဂါဟဲ့စ်သည် ၂၀၁၈-၁၉ ရာသီတွင် လိုင်လီအသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် ကူညီပေးထားနိုင်သူဖြစ်ပြီး အမှတ်ပေးဇယားတွင်လည်း ပီအက်စ်ဂျီအသင်းအောက် ဒုတိယနေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားသည်။ အာဆင်နယ်အသင်းထံသို့ ဂါဘရီရယ်ရောက်ရှိလာပြီးနောက် ရီးရဲမက်ဒရစ်အသင်းမှ ဒန်နီ စီဘာယ်လော့စ်သည် အမ်းမရိတ်သို့ နောက်ထပ်တစ်ရာသီအငှားဖြင့် ရောက်ရှိရန် နီးစပ်နေကြောင်း သိရသည်။

အာဆင်နယ်အသင်း၏ အခြားဆက်စပ်သတင်းအနေဖြင့် ဆော်ဒီအာရေဗျကလပ် Al Nassr အသင်းက မီဆွပ် အိုဇေးလ် (၃၁နှစ်) ကို တစ်နှစ်လုပ်ခပေါင် ၁၅ သန်းဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။ အာဆင်နယ်အသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းသည် လာမည့်နှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ အိုဇေးလ်သည် ၂၀၁၃ ခုနှစ်တွင် အာဆင်နယ်အသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၂၅၄ ပွဲတွင် ၄၄ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ သို့သော်လည်း ၎င်းသည် ပြီးခဲ့သောရာသီတွင် အာဆင်နယ်အသင်း၌ ပြိုင်ပွဲစုံ ၂၃ ပွဲသာ ကစားထားရပြီး တစ်ဂိုးသာ သွင်းယူပေးထားနိုင်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၂ ရက်တွင် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# မြောက်ကိုရီးယား၏ နျူကလီးယားလုပ်ဆောင်ချက်များကို စိုးရိမ်ပူပန်ကြောင်း ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်အဖွဲ့ပြော

ဗီယင်နာ စက်တင်ဘာ ၂

**မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားဆောင်ရွက်ချက်အချို့ကို ဆက်လက်လုပ်ဆောင်နေသောကြောင့် ယင်းက စိုးရိမ်စရာကောင်းသော ကိစ္စတစ်ခုဖြစ်လာကြောင်း ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်လိုက်သော နှစ်စဉ် အစီရင်ခံစာတစ်ခုတွင် စက်တင်ဘာ ၂ ရက်က ပြောကြားလိုက်သည်။**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဆက်လက်လုပ်ဆောင်နေခြင်းသည် လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေခြင်းဖြစ်ပြီး တကယ့်ကို စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အဖွဲ့ဝင်နိုင်ငံများသို့ ပေးပို့သော ၎င်း၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သောနှစ် ဩဂုတ်လနောက်ဆုံး အစီရင်ခံစာ ဖော်ပြခဲ့ချိန်ကတည်းက စပြီး အိုင်အေအီးအေသည် ယွန်ဗြုန်းနျူကလီးယားစက်ရုံ၌ သန့်စင်သောယူရေနီယံထုတ်လုပ်မှုနှင့်ကိုက်ညီသည့် လက္ခဏာများကို စောင့်ကြည့်ခဲ့သည်။ ဗီယင်နာအခြေစိုက် အိုင်အေအီးအေအဖွဲ့သည် စက်တင်ဘာ ၁ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ၎င်း၏အစီရင်ခံစာတွင် မြောက်ကိုရီးယားရှိ အဆိုပါ ယွန်ဗြုန်းနျူကလီးယားစက်ရုံနှင့် အခြားနျူကလီးယားစက်ရုံများသို့ သွားရောက်လေ့လာခွင့်မရရှိခဲ့သော်လည်း ပွင့်လင်းသတင်းရင်းမြစ်များနှင့် ဂြိုဟ်တုသတင်းရင်းမြစ်များကို အခြေခံခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်အစိုးရက မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ နျူကလီးယားရည်မှန်းချက်များကို ပြန်လည်လုပ်ဆောင်နေကြောင်း စွပ်စွဲပြောကြားလိုက်သည်။ ထို့အပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယား



ဩဂုတ် ၁၉ ရက်က ပြုံယမ်းရှိ ပါတီအစည်းအဝေးတစ်ခုတွင် မိန့်ခွန်းပြောနေသော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို တွေ့ရစဉ်။

ထိပ်ဖူးတပ်ဒုံးကျည် အစီအစဉ်အတွက် ဆက်လက်လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်က သတိပေးပြောကြားထားသည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီသောနိုင်ငံများကိုလည်း အရေးယူဒဏ်ခတ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်က ပြောကြားထားသည်။

အေအက်ဖ်ပီ

# ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာတွင် ဆက်ခံမည့်သူကို စက်တင်ဘာ ၁၄ ရက်တွင် ဆန္ဒမဲပေးမည်

တိုကျို စက်တင်ဘာ ၂

ဂျပန်အာဏာရပါတီသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာတွင် ဆက်ခံမည့်သူကို စက်တင်ဘာ ၁၄ ရက်တွင် ဆန္ဒမဲပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂ ရက်က ပြောကြားလိုက်သည်။



ဂျပန်ဝန်ကြီးချုပ်နေရာအတွက် ပြိုင်ပွဲဝင်သူအဖြစ် ကြေညာခဲ့သည့် ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ဆူဂါယိုရှိဟီဒဲ။

ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ဆူဂါယိုရှိဟီဒဲသည် အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌ (ဂျပန်ဝန်ကြီးချုပ်)နေရာအတွက် ကိုယ်စားလှယ်လောင်း (ပြိုင်ပွဲဝင်သူ)အဖြစ် ကြေညာခဲ့သည်။ ဩဇာကြီးမားသည့် ၎င်းသည် ဂျပန်ဝန်ကြီးချုပ်ရွေးချယ်ပွဲတွင် ရှေ့ကပြေးနေသူတစ်ဦး ဖြစ်လာခဲ့သည်။

ဆူဂါသည် ဂျပန်နိုင်ငံ၏ သက်တမ်းအကြာဆုံး အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ဖြစ်ခဲ့ပြီး အစိုးရ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူအဖြစ် ရက်ပေါင်း ၂၈၀၀ ကျော် တာဝန်ထမ်းဆောင်လာခဲ့သူ ဖြစ်သည်။ လွှတ်တော်တွင် ဆန္ဒမဲပေးမှု (လစ်ဘရယ် ဒီမို ကရက်တစ်ပါတီ ခေါင်းဆောင်သစ် အဖြစ်အတည်ပြုမှု) ကို စက်တင်ဘာ ၁၆ ရက်တွင် လုပ်ဆောင်သွားရန် မျှော်မှန်းထားသည်။

ဂျပန်ဝန်ကြီးချုပ်သစ်သည် စိန်ခေါ်မှုပေါင်း မြောက်မြားစွာနှင့် ရင်ဆိုင်ရနိုင်ပြီး အဆိုပါစိန်ခေါ်မှုများတွင် ကိုဗစ်-၁၉ ကပ်ရောဂါမှသည် စီးပွားရေးအဆုံး၊ ထိုမှတစ်ဖန် ရွှေ့ဆိုင်းထားသော တိုကျို အိုလံပစ်အားကစားပွဲတော်ကြီးကို ဆက်လက်ကျင်းပနိုင်ရေးအထိ ပါဝင်ကြောင်း သိရသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ဆူဂါကို ထောက်ခံမှု ပေးထားပြီးဖြစ်သလို တခြား ဂျပန်ဝန်ကြီးချုပ်နေရာအတွက် ပြိုင်ပွဲဝင်နှစ်ဦးမှာ ယခင်ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအီရှီဘားနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမူဝါဒရေးရာအကြီးအကဲ ဖူမီယိုကီရှီးဒါးတို့ ဖြစ်သည်။ ဂျပန်နိုင်ငံ၏ သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူ ရှင်ဇိုအာဘေးသည် ၎င်း၏ ကျန်းမာရေးအခြေအနေကြောင့်ရာထူးမှအနားယူတော့မည်ဖြစ်ကြောင်း လွန်ခဲ့သော သီတင်းပတ်က ကြေညာခဲ့သည်။

အေအက်ဖ်ပီ

## ဂျပန်နိုင်ငံ မုန်တိုင်းနှစ်ခုနှင့် ရင်ဆိုင်ရနိုင်ကြောင်း မိုးလေဝသအရာရှိများသတိပေး

**တိုကျို စက်တင်ဘာ ၂**

အင်အားကောင်းသည့် မုန်တိုင်းနှစ်ခုသည် ဂျပန်နိုင်ငံအနောက်ပိုင်းသို့ အရပ်မျက်နှာအနှံ့မှ ဝင်ရောက်နိုင်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောကြားထားသည်။ ထို့ကြောင့် ကျူရှူးကျွန်း အနောက်တောင်ပိုင်းသို့ ဦးတည်လာသည့် အင်အားပြင်းမုန်တိုင်းအန္တရာယ်ကိုကြိုတင် ပြင်ဆင်ထားကြရန် ၎င်းတို့က သတိပေးထားသည်။

**အပူပိုင်းမုန်တိုင်းဝင်ရောက်မည်**

အလားတူ လာမည့်ရက် အနည်းငယ်အတွင်း နောက်ထပ်အင်အားပြင်းထန်သည့် အပူပိုင်းမုန်တိုင်းတစ်ခုသည် ဂျပန်နိုင်ငံအနောက်ပိုင်းကို ဝင်ရောက်မည့်လက္ခဏာများရှိကြောင်း သိရ သည်။

**အသင့်ပြင်ထားရန် သတိပေး**

တိုင်ဖွန်းမေဆက်ခ်သည် ဂျပန်နိုင်ငံ ကျူရှူးကျွန်းမြောက်ဘက်သို့ ရွေ့လျားနိုင်ကြောင်းမိုးလေဝသအရာရှိများက ပြောကြားထားသည်။ အဆိုပါကျွန်းသည် လေပြင်းမုန်တိုင်းများ၏ ဆုံချက်နေရာကဲ့သို့ ဖြစ်နေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကီမာမိုတိုခရိုင် ယူကီမြို့တွင် တောင်သူလယ်သမားများသည် မုန်တိုင်းမလာမီ ၎င်းတို့၏ ကောက်ပဲသီးနှံများကို အလျင်အမြန် ရိတ်သိမ်းလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် မိုးလေဝသအေဂျင်စီက ပြည်သူများကို အင်အားပြင်းအပူပိုင်းမုန်တိုင်း ဟိုင်ဆန်အန္တရာယ်ကိုလည်း ရင်ဆိုင်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားရေး တိုက်တွန်းပြောကြားလိုက်သည်။ ယင်းမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်လာပြီး ဂျပန်နိုင်ငံအနောက်ပိုင်းကို ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

မုန်တိုင်းများ၏အရှိန်ကြောင့် စံချိန်တင်မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက ဆက်လက်သတိပေးထားသည်။

အင်န်အိတ်ချ်ကေ

## ပြီးခဲ့သည့်သီတင်းပတ်အတွင်း လစ်ဗျားကမ်းရိုးတန်းမှ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၄၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့

**ထရီပိုလီ စက်တင်ဘာ ၂**

ပြီးခဲ့သည့်သီတင်းပတ်အတွင်း လစ်ဗျားကမ်းရိုးတန်းမှ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၄၀၈ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့ကပြောသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများကို လစ်ဗျားကမ်းခြေစောင့်တပ်၏ အကူအညီဖြင့် လစ်ဗျားနိုင်ငံသို့ပြန်ပို့ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့က ပြောသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပင်လယ်ပြင်မှကယ်တင်ပြီး လစ်ဗျားနိုင်ငံသို့ ပြန်ပို့ပေးခဲ့သည့် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူပေါင်း ၇၉၈၁ ဦးရှိပြီး ၎င်းတို့ထဲတွင် အမျိုးသမီး ၅၃၄ ဦးနှင့် ကလေး ၄၃၀ တို့ပါဝင်ကြောင်း သိရသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်လမ်းကြောင်း၌ သေဆုံးသွားသူ ရွှေ့ပြောင်းနေထိုင်သူပေါင်း ၁၄၄ ဦးရှိပြီး ၂၁၅ ဦးမှာပျောက်ဆုံးနေဆဲဖြစ်သည်။ လစ်ဗျားနိုင်ငံသည် မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပကိုသွားရောက်မည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိကလမ်းကြောင်းသဖွယ်ဖြစ်နေသည်။

ဆင်ဟွာ

# သေနတ်ပစ်မှုဖြစ်ပွားသည့်နေရာသို့ သမ္မတ ထရမ့်သွားရောက်ခဲ့သော်လည်း ဒီမိုကရက်များက ဒေါသထွက်

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်ပြည်ထောင်စု ဝစ်စ်ကွန်ဆင်ပြည်နယ်သို့ သွားရောက်ခဲ့သည်။ အဆိုပါပြည်နယ်တွင် လူမည်းတစ်ဦးကို ရဲတစ်ဦးက သေနတ်ဖြင့် ပစ်သတ်လိုက်သည်ကို ဆန့်ကျင်သည့် ဆန္ဒပြမှုများဖြစ်ပွားလျက်ရှိသည်။

အမေရိကန်သမ္မတ ထရမ့်သည် ဝစ်စ်ကွန်ဆင်ပြည်နယ် ကီနိုရှာမြို့သို့ စက်တင်ဘာ ၁ ရက်က သွားရောက်ခဲ့သည်။ ဂျက်ကော့ဘလိခ်ကို မြို့ခံရဲတစ်ဦးက ဩဂုတ် ၂၃ ရက်က သေနတ်ဖြင့် အနီးကပ် ခုနစ်ချက်ပစ်ခတ်ခဲ့သည်။

မကျေမနပ်ဆန္ဒပြမှုများ အဆိုပါဒေသတွင် ဖြစ်ပွားလျက်ရှိသည်။ အဆောက်အအုံအချို့ ဖျက်ဆီးခံရသည်။ အမေရိကန်သမ္မတထရမ့်က ရှို့မီးကြောင့် လောင်ကျွမ်းခဲ့သည့် စတိုးဆိုင်များကို သွားရောက်စစ်ဆေးခဲ့သည်။

ရဲအရာရှိများနှင့် တွေ့ဆုံပွဲတွင် သမ္မတထရမ့်က ပြည်သူများသည် တရားဥပဒေစိုးမိုးရေးကို လိုချင်ကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် ပြည်သူများသည် စွမ်းရည်ပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်ကိုသာ အလိုရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ထရမ့်၏ ခရီးစဉ်ကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ ညအထိ ဖြစ်ပွားခဲ့သည်။ ပြည်သူများက လူမည်းများ၏ အသက်ကို တန်ဖိုးထားရန် ဟစ်ကြွေးကြသည်။

ဒီမိုကရက်ပါတီဝင်များက အမေရိကန်သမ္မတအနေဖြင့် သေဆုံးခဲ့သည့် လူမည်းမိသားစုဝင်များကို သွားရောက် မတွေ့ဆုံခဲ့သည့်အတွက် ပြစ်တင်လိုက်သည်။

ဒီမိုကရက်များက ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဂျိုးဘိုင်ဒင်သာ အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရပါက ပြည်သူများ၏ ဒဏ်ရာများကို ကုစားပေးနိုင်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ထရမ့်သည် ရွေးကောက်ပွဲမတိုင်မီ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန် ဆန္ဒပြင်းပြလျက်ရှိသည်။ သို့သော်လည်း ဒီမိုကရက်များက ၎င်းကို ရဲများဘက်တွင် ရပ်တည်သူအဖြစ် စွပ်စွဲပြောကြားထားသည်။

အင်န်အိတ်ချ်ကေ



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်။

# ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း ထိုးကျသွားနိုင်သည်ဟု ထိုင်းဘဏ်သတိပေး

ဘန်ကောက် စက်တင်ဘာ ၂

**ထိုင်းနိုင်ငံအတွင်းသို့ နိုင်ငံခြားခရီးသွားများ ဝင်ရောက်မှုကို ထိုင်းအစိုးရက ဆက်လက်ပိတ်ပင်ထားပါက လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ပိုမိုကြီးမားသည့် အန္တရာယ်အတွင်းသို့ ကျဆင်းသွားနိုင်သည်ဟု ထိုင်းဘဏ်က ပြောကြား ခဲ့သည်။**

ယခုနှစ်အတွင်း ခရီးသွားဝင်ရောက်မှု ရှစ်သန်း လျော့ကျပြီး လာမည့်နှစ်တွင် ၁၆ သန်းအထိ လျော့ကျသွားနိုင်ကာ ခရီးသွားလုပ်ငန်းကို ယိုင်နဲ့စေမည်ဟု စီးပွားရေးနှင့်မူဝါဒရေးရာဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး ဒွန်နာ ခရွန်သက်က ပြောသည်။

ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အမျိုးသားစီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကောင်စီတို့ကလည်း ယခုနှစ်တွင် ခရီးသွားဝင်ရောက်မှုကို ၆ ဒသမ ၇ သန်းအထိ ရှိမည်ဟု လျှော့ချခန့်မှန်းထားပြီး လာမည့်နှစ်တွင် ၁၂ သန်း အထိ လျော့ကျမည်ဟု လျှော့ချခန့်မှန်းထားသည်။

ထိုင်းနိုင်ငံသည် ကိုဗစ် -၁၉ ဒုတိယလှိုင်း ရိုက်ခတ်ခြင်းမှ ကာကွယ်နိုင်ရေး အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှု ကန့်သတ်ချက်များကို ဆက်လက်ထားရှိခဲ့ပြီး နိုင်ငံခြား ခရီးသွားများကို လက်မခံတော့သည်မှာ ဇူလိုင်လရောက်သည့်အခါ လေးလဆက်တိုက်ရှိလာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုနှုန်းမှာ သန်း ၄၀ ရှိပြီး ခရီးသွားလုပ်ငန်းမှရရှိသည့် အခွန်ငွေမှာ နိုင်ငံဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းရှိသည်။ ဧပြီလမှ ဒီဇင်ဘာလအထိ ခရီးသွားဝင်ရောက်မှုမှာ ၁၀၀ ရာခိုင်နှုန်း နည်းပါးသွားမည်ဟု မစ္စတာဒွန်က ပြောသည်။

အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်း နာလန်ထူလာပြီး တိုင်းပြည်၏ စီးပွားရေးအရှိန်အဟုန်ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံခြားခရီးသွားများကို ဝင်ရောက်ခွင့်ပေးနိုင်မည့် သင့်လျော်သည့် ကန့်သတ်လုပ်ရှားမှုများကို စဉ်းစားပေးသင့်သည်ဟု ၎င်းက ပြောသည်။ အကယ်၍ နိုင်ငံခြား ခရီးသွားများ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ကို ဆက်လက်ပိတ်ထားပါက လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် ထိခိုက်မှုများ ရှိလာနိုင်ကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။ **ဘန်ကောက်ပို့စ်**



သုဝဏ္ဏဘူမိလေဆိပ်တွင် ဩစတြေးလျနိုင်ငံမှပြန်လာသော ခရီးသည်များကိုတွေ့ရစဉ်။

# ကိုဗစ် - ၁၉ ကန့်သတ်ချက်ဖြေလျှော့မှုအဖြစ် ဇင်ဘာဘွေနိုင်ငံတွင် လေဆိပ်များပြန်လည်ဖွင့်လှစ်မည်

ဟာရာရီ စက်တင်ဘာ ၂

ဇင်ဘာဘွေနိုင်ငံသည် ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ကိုဗစ် -၁၉ ကူးစက်မှု ကျဆင်းလာသည့်အတွက် ပြည်တွင်း လေကြောင်းလိုင်းများ ပြေးဆွဲမှု ပြန်လည်စတင်ရန် ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဟု သိရသည်။



အဲယား ဇင်ဘာဘွေလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

လက်ရှိအစီအစဉ်မှာ ပြည်တွင်း လေကြောင်းလိုင်းများ ပြန်စရန်ဖြစ်ပြီး ယင်းနောက် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများပြန်စရန် စီစဉ်သွားမည်ဟု သတင်းအချက်အလက် ဝန်ကြီးဌာန ဝန်ကြီး မော်နီကာမတ်စ်ဘင်ဂွာက စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သည့် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲနိုင်ရေးကို အစိုးရက အပြီးသတ် ဆောင်ရွက်မှုများ ပြုလုပ်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မတ်လနှောင်းပိုင်းမှစတင်ကာ ကိုဗစ် -၁၉ ပျံ့နှံ့မှုဖြစ်ပွားခဲ့ပြီးနောက် ဇင်ဘာဘွေနိုင်ငံ၏နယ်စပ်နှင့် လေဆိပ်များကို ပိတ်ထားခဲ့သည်။ ဇွန်လမှစတင်ကာ အစိုးရသည်ခရီးသွားကဏ္ဍ ပြန်လည်စတင်မှုကိုခွင့်ပြုပေးခဲ့ပြီး ရေကြောင်းခရီးသွားလာမှုကို ခွင့်ပြုပေးခဲ့သည်။

ဇင်ဘာဘွေနိုင်ငံတွင် စက်တင်ဘာ ၁ ရက်အထိ ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၆၅၅၉ဦးရှိပြီး ၅၂၄၁ ဦး ပြန်လည်ကျန်းမာလာကာ သေဆုံးသူ ၂၀၃ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုလံဘီယာနိုင်ငံတွင် ဘတ်စ်ကားဂိတ်များ ငါးလကြာပိတ်ပြီးနောက် ပြန်လည်ဖွင့်လှစ်

**ဘိုဂိုတာ စက်တင်ဘာ ၂**

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် ဘတ်စ်ကားဂိတ်များ ငါးလကြာ ပိတ်ထားပြီးနောက် အများပြည်သူများအတွက် ဘတ်စ်ကားဂိတ်နှစ်ခုကို စက်တင်ဘာ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးလိုက်ကြောင်း သိရသည်။

ဘတ်စ်ကားဂိတ်များ ပြန်လည်ဖွင့်လှစ်ပြီးနောက် မကြာမီအချိန်တွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အရင်လို ပြန်လည်ပတ်မည်ဟု မျှော်လင့်ထားကြောင်း၊ ကိုဗစ် -၁၉ ကူးစက်မှုများအတွက် လုံခြုံစိတ်ချရသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ထားသည့်အတွက် အများပြည်သူများ လာရောက်စီးနင်းကြရန် ဖိတ်ခေါ်ကြောင်းနှင့် ကိုလံဘီယာအတွင်း ဘတ်စ်ကားများဖြင့် သွားရောက်လည်ပတ်ကြရန် ဖိတ်ခေါ်ကြောင်း အယ်လ်ဆယ်လီထရီ ကားဂိတ်မှ အထွေထွေမန်နေဂျာက ဆင်ဟွာသို့ ပြောသည်။



ကိုလံဘီယာမြို့တော် ဘိုဂိုတာသို့ သွားရောက်မည့် ခရီးသွားများကို ဘတ်စ်ကားပေါ်တွင် တွေ့ရစဉ်။

အပူချိန်တိုင်းတာနိုင်ရန်အတွက် ဘတ်စ်ကားဂိတ်အဝင်တွင် အပူချိန်တိုင်းကင်မရာများ တပ်ဆင်ထားပြီး ခရီးသွားများအားလုံးသည် နှာခေါင်းစည်း တပ်ဆင်ရမည်ဖြစ်ကြောင်း၊ လက်မှတ်ဝယ်ယူသည့်အခါ၌လည်း အွန်လိုင်းမှတစ်ဆင့်သာ ဝယ်ယူရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဘတ်စ်ကားဂိတ်စတင်ဖွင့်လှစ်ချိန်မှ စတင်ကာ ကားများသည် ခရီးသည် ၅၀ ရာခိုင်နှုန်းကိုသာ တင်ဆောင်ရမည်ဖြစ်သည်။

မေ ၇ ရက်မှ ဩဂုတ် ၃၀ အတွင်း ကားဂိတ်များမှ ခရီးသွားသူများမှာ တစ်သန်းခန့်ရှိပြီး ပြီးခဲ့သည့်နှစ်ကမူကားဂိတ်များမှ ခရီးသွားလာသည့် သူပေါင်း ၄ ဒသမ ၈ သန်းရှိခဲ့သည်။ ထို့ကြောင့် ကားဂိတ်များမှ သွားလာမှု သိသိသာသာ လျော့ကျသွားခြင်းပင်ဖြစ်သည်ဟု ကားဂိတ်အာဏာပိုင်အဖွဲ့က ပြောသည်။ အသွားအလာ ပိတ်ဆို့ထားစဉ်ကာလအတွင်း မရှိမဖြစ် လုပ်ဆောင်ရမည့် လုပ်သားများအတွက်သာ ကားဂိတ်များမှ ဝန်ဆောင်မှုပေးထားပြီး အများပြည်သူများအတွက်မူ ကန့်သတ်ထားခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ**

## နှစ်ပေါင်း ၃၀ အတွင်း ဩစတြေးလျနိုင်ငံတွင် စီးပွားရေးကျဆင်းမှုဖြစ်ပေါ်

ကင်ဘာရာ စက်တင်ဘာ ၂

ဩစတြေးလျနိုင်ငံ၏ ဂျီဒီပီသည် ဇူလိုင်လအတွင်း ၇ ဒသမ ၀ ရာခိုင်နှုန်းအထိ ကျဆင်းပြီး စံချိန်တင်ကျဆင်းသွားခြင်းဖြစ်သည်ဟု ဩစတြေးလျစာရင်းအင်းအချက်အလက် ဗျူရို၏စာရင်းဇယားများအရ သိရသည်။

ယခုနှစ်မတ်လ သုံးလပတ်ကာလအတွင်း ဂျီဒီပီ ၀ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ထိုအချက်အလက်များကိုကြည့်လျှင် ဩစတြေးလျနိုင်ငံသည် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးကျဆင်းရခြင်းဖြစ်ကြောင်း ဩစတြေးလျရုပ်သံထုတ်လွှင့်ရေးကော်ပိုရေးရှင်းက ဖော်ပြထားသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါနှင့် ၎င်းနှင့်သက်ဆိုင်သည့် မူဝါဒများကြောင့် စီးပွားရေးကျဆင်းရခြင်းဖြစ်သည်ဟု အမျိုးသားငွေစာရင်းဌာနမှ အကြီးအကဲဖြစ်သူ မိုက်ကယ်စမီးဒ်က ပြောသည်။ ၁၉၅၉ ခုနှစ်မှစတင်ကာ နိုင်ငံ၏ ဂျီဒီပီ အကြီးအကျယ် ကျဆင်းသွားခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

## ဘရာဇီးနိုင်ငံတွင် တစ်ရက်အတွင်း သေဆုံးသူ ၁၂၀၀ ကျော်အထိရှိ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဘရာဇီးနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးခဲ့သူ ၁၂၁၅ ဦး ရှိသည်ဟု မှတ်တမ်းတင်ထားပြီး နောက်ထပ်ကူးစက်ခံရသူပေါင်း ၄၂၆၅၉ ဦးအထိရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်ရက်နှင့် နှိုင်းယှဉ်လျှင် တစ်ရက်အတွင်း သေဆုံးမှုမှာ နှစ်ဆမြင့်တက်သွားခြင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ တစ်နိုင်ငံလုံးအနှံ့ကူးစက်ခံရသူအရေအတွက်မှာ ၃၉၅၀၉၃၁ ဦးရှိပြီး သေဆုံးသူ စုစုပေါင်းမှာ ၁၂၂၅၉၆ ဦးအထိရှိသည်ဟု ဝန်ကြီးဌာနက ပြောသည်။ လူဦးရေအထူထပ်ဆုံးနှင့် ကူးစက်မှုအမြင့်ဆုံးဖြစ်သည့် ဆော်ပိုလိုပြည်နယ်တွင် ကူးစက်မှုပေါင်း ၈၁၄၃၇၅ ဦးရှိပြီး သေဆုံးသူ ၃၀၃၇၅ ဦးရှိသည်။ ယင်းနောက် ကူးစက်မှုအမြင့်ဆုံးမှာ ရီယိုဒီဂျနေးရိုးဖြစ်ပြီး ကူးစက်မှုပေါင်း ၂၂၆၈၀၀ အထိရှိပြီး သေဆုံးသူမှာ ၁၆၂၁၇ ဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ

## လူမည်းတစ်ဦးကို လော့စ်အိန်ဂျလိစ်မှ ရဲများက ပစ်သတ်

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂**

စက်ဘီးစီးလာသည့်လူမည်းတစ်ဦးကို ရဲများက ပစ်သတ်ခဲ့သည့်အတွက် လော့စ်အိန်ဂျလိစ် တောင်ပိုင်းတွင် လူစုလူဝေးဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အသက် ၂၉နှစ်အရွယ်ဒစ်ဂျီယွန် ကစ်ဇီကို လော့စ်အိန်ဂျလိစ်မြို့ ရဲဌာနမှ ရဲအရာရှိနှစ်ဦးက ဩဂုတ် ၃၁ ရက်တွင် ပစ်သတ်ခဲ့သည်ဟု အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။ အကြိမ်အရေအတွက် ၂၀ ကျော် ပစ်ခတ်ခဲ့သည်ဟု မိသားစုရှေ့နေက ပြောသည်။ ကစ်ဇီမှာ လက်ထဲမှ သေနတ်ကို ပစ်ချပြီး ရဲအရာရှိတစ်ဦးကို ထိုးနှက်ခဲ့သည့်အတွက် ပစ်ခတ်လိုက်ရခြင်းဖြစ်ကြောင်း ရဲများကပြောသည်။ ယင်းဖြစ်ရပ်ကြောင့် ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်လာသည်။ ယင်းအဖြစ်အပျက်ကို ရိုက်ကူးထားသည့် ဗီဒီယိုရှိပါက လူမှုကွန်ရက်တွင် မျှဝေကြရန်လည်း လူ့အခွင့်အရေးရှေ့နေက တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၆ ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဖ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ရှမ်းပြည်နယ်တောင်ပိုင်း... 

## ရွှေဘိုခရိုင်အတွင်းရှိ မဲဆန္ဒနယ် ၁၉ နယ်၌ ကိုယ်စားလှယ်လောင်း ၉၆ ဦး ပါဝင်ရွေးချယ်ခံမည်

**ရွှေဘို စက်တင်ဘာ ၂**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ရွှေဘိုခရိုင်အတွင်းရှိ မဲဆန္ဒနယ် ၁၉ နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆ ဦးတို့က ဝင်ရောက်ရွေးချယ်ခံကြမည်ဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းဦးထံမှ သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီ ၁၀ ပါတီနှင့် တစ်သီးပုဂ္ဂလ လေးဦး ရှိကြောင်း သိရသည်။ ပါတီ ၁၀ ပါတီမှာ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ပြည်သူ့ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ဖြစ်သည်။

တစ်သီးပုဂ္ဂလအနေဖြင့် တိုင်းဒေသကြီးကိုယ်စားလှယ်များနေရာတွင်သာ ဝင်ရောက်ရွေးချယ်ခံကြမည်ဖြစ်ပြီး ရွှေဘိုမြို့နယ် တိုင်းဒေသကြီး (၁) မဲဆန္ဒနယ်မြေ၌ ဦးစိန်နှင်း(ခ) ဦးကျော်ဝင်း၊ ရွှေဘိုမြို့နယ် တိုင်းဒေသကြီး (၂) မဲဆန္ဒနယ်မြေတွင် ဦးမြတ်သာထွန်း၊ ဝက်လက်မြို့နယ် တိုင်းဒေသကြီး (၁) မဲဆန္ဒနယ်မြေတွင် ဦးစောမင်း၊ ခင်ဦးမြို့နယ် တိုင်းဒေသကြီး (၂) မဲဆန္ဒနယ်မြေတွင် ဦးမိုးရန်နိုင်တို့က ဝင်ရောက်ရွေးချယ်ခံကြမည်ဖြစ်သည်။

ရွှေဘိုခရိုင်တွင် ရပ်ကွက် ၃၈ ခု၊ ကျေးရွာအုပ်စု ၃၇၄ စု၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်း ၄၁၂ ခု၊ မဲရုံပေါင်း ၇၄၈ ရုံ၊ ဩဂုတ် ၃၀ ရက်အထိ စာရင်းများအရ မဲဆန္ဒရှင်ပေါင်း ၈၇၄၁၈၉ ဦး ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# ရခိုင်ပြည်နယ်တွင် ရိက္ခာ ပြတ်လပ်မှု မရှိစေရန် အာမခံ



ရခိုင်ပြည်နယ်တွင် ရိက္ခာပြတ်လပ်မှုမရှိစေရန် အာမခံပါကြောင်း၊ လိုအပ်သည့် ရိက္ခာများကို ရနိုင်သည့်နည်းလမ်းဖြင့် ပို့ပေးမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ ဘဏ္ဍာငွေကိုလည်း ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ မဟုတ်သော်လည်း ပြည်ထောင်စု၏ လိုအပ်သည့် အစိတ်အပိုင်းအား အမြဲပြည့်ပြည့်စုံစုံ ထောက်ပံ့သွားမည် ဖြစ်ပါကြောင်း။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၇၆ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၉၅ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၇၆ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၉၅ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၉၉၅ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၉ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၄၈ ဦးနှင့် စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၈၁ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၇၈၄၃ | ၉၉၅ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၅၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၆၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၄၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရခိုင် | ၄၆၆ | |
| ၂ | ရန်ကုန် | ၄၂၀ | ၅ |
| ၃ | မွန် | ၁၉ | |
| ၄ | ချင်း | ၁၉ | |
| ၅ | ပဲခူး | ၁၅ | ၁ |
| ၆ | မန္တလေး | ၁၀ | |
| ၇ | စစ်ကိုင်း | ၁၀ | |
| ၈ | ရှမ်း(တောင်) | ၆ | |
| ၉ | ကရင် | ၆ | |
| ၁၀ | တနင်္သာရီ | ၆ | |
| ၁၁ | မကွေး | ၄ | |
| ၁၂ | ရှမ်း(မြောက်) | ၃ | |
| ၁၃ | နေပြည်တော် | ၃ | |
| ၁၄ | ရှမ်း(ရှေ့) | ၃ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | ဧရာဝတီ | ၂ | |
| | စုစုပေါင်း | ၉၉၅ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၂-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၂၅၉၉၂ | ၃၄၉၇၈၇၃ | ၁၈၈၉၆၁ |
| ၂။ | ဘရာဇီး | ၃၉၅၂၇၉၀ | ၃၁၅၉၀၉၆ | ၁၂၂၆၈၁ |
| ၃။ | အိန္ဒိယ | ၃၇၉၄၃၁၄ | ၂၉၂၀၁၂၂ | ၆၆၆၇၈ |
| ၄။ | ရုရှား | ၁၀၀၅၀၀၀ | ၈၂၁၁၆၉ | ၁၇၄၁၄ |
| ၅။ | ပီရူး | ၆၅၇၁၂၉ | ၄၇၁၅၉၉ | ၂၉၀၆၈ |
| ၆။ | တောင်အာဖရိက | ၆၂၈၂၅၉ | ၅၄၉၉၉၃ | ၁၄၂၆၃ |
| ၇။ | ကိုလံဘီယာ | ၆၂၄၀၆၉ | ၄၆၉၅၅၇ | ၂၀၀၅၂ |
| ၈။ | မက္ကဆီကို | ၆၀၆၀၃၆ | ၄၂၁၃၇၃ | ၆၅၂၄၁ |
| ၉။ | စပိန် | ၄၇၀၉၇၃ | စိစစ်ဆဲ | ၂၉၁၅၂ |
| ၁၀။ | အာဂျင်တီးနား | ၄၂၈၂၃၉ | ၃၁၅၅၃၀ | ၈၉၇၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂-၉-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၂၆၄၄၀ | ၁၅၈၆၁၀ | ၃၆၂၃ |
| အင်ဒိုနီးရှား | ၁၈၀၆၄၆ | ၁၂၉၉၇၁ | ၇၆၁၆ |
| စင်ကာပူ | ၅၆၉၀၁ | ၅၅၇၄၉ | ၂၇ |
| မလေးရှား | ၉၃၆၀ | ၉၀၇၉ | ၁၂၈ |
| ထိုင်း | ၃၄၂၅ | ၃၂၇၄ | ၅၈ |
| ဗီယက်နမ် | ၁၀၄၆ | ၇၄၆ | ၃၄ |
| မြန်မာ | ၉၉၅ | ၃၅၉ | ၆ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၆၆ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၁-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၆၈)ခု နှင့်
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၂၀) ခု
- စုစုပေါင်း (၆၈၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲ နမူနာ (၁,၃၁၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၄) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- • စုစုပေါင်း (၂,၄၄၁)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၁) ဦး တွေ့ရှိရပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၂) ဦး တွေ့ရှိကြောင်းအား (၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

(၁-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၆၈၈) ခုအနက် ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ်* | ၃ |
| | | ဒေါပုံမြို့နယ် | ၂ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| | | ဗိုလ်တစ်ထောင်မြို့နယ် | ၁ |
| | | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | ၁ |
| | | သန်လျင်မြို့နယ် | ၁ |
| | | မှော်ဘီမြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၁ |
| ၂ | ကချင်ပြည်နယ် | မြစ်ကြီးနားမြို့နယ်** | ၂ |
| ၃ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီးမြို့နယ်** | ၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည်မြို့နယ်** | ၁ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူမြို့နယ် | ၁ |
| ၆ | ရှမ်း ပြည်နယ် (မြောက်ပိုင်း) | လားရှိုးမြို့နယ်** | ၁ |

*တစ်ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်၍ ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိသည်။
**ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်၍ ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိသည်။

၃။ (၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၉၃၈) ဦးရှိပြီ ဖြစ်ပါသည်။

၄။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၈) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ (ဒုတိယအသုတ်)စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၉) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၉) ဦး | (၉၃၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## COVID-19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ**(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ပျော်ဘွယ်မြို့နယ်တွင် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ပထမအကြိမ် ထောက်ပံ့ငွေပေးအပ်

**ပျော်ဘွယ် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ပျော်ဘွယ်မြို့နယ်အတွင်းရှိ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ပထမအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက ယခု အစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း တောင်သူများအနေဖြင့် တစ်ဖက်တစ်လမ်းက အဆင်ပြေစေရေးအတွက် ထောက်ပံ့ပေးသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် စိုက်ပျိုးရေးဦးစီးဌာန ရမည်းသင်းခရိုင် ဦးစီးမှူး ဦးမင်းကြည်တို့က နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်အရ ထောက်ပံ့ငွေ ပေးအပ်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးနှင့် တာဝန်ရှိသူများက ကျေးရွာ ခြောက်ရွာမှ တောင်သူ ၁၄၃ ဦးအား တစ်ဧကလျှင် ထောက်ပံ့ငွေကျပ် ၈၃၅၀၀ နှုန်းဖြင့် ဧကပေါင်း ၂၇၀ အတွက် ငွေကျပ် ၂၂၅၄၅၀၀၀ ကို ပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

✻ *ကျောဖုံးမှ*

စုစုပေါင်း သုံးဖွဲ့နဲ့ နှာခေါင်းစည်းတပ်ဆင်ခြင်း ရှိ မရှိ စစ်ဆေးပါတယ်။ နှာခေါင်းစည်းကို အပြင်ထွက်လို့စနစ်တကျမတပ်ရင် စစ်ဆေးရေးအဖွဲ့က နှာခေါင်းစည်း သုံးခုပေးပြီး ဒဏ်ငွေ ၃၀၀၀ ပေးဆောင်စေပါတယ်။ တော်တော်များများကလည်း နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်လာတာ တွေ့ရပါတယ်။ ကျွန်တော်တို့စစ်ဆေးရေးအဖွဲ့ သုံးဖွဲ့ထဲကမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှာ စစ်ဆေးတဲ့အဖွဲ့နဲ့ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့က တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး မိုဘိုင်းစနစ်နဲ့ လိုက်လံစစ်ဆေးနေတာပါ”ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူက ပြောသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့သည် အိမ်မဲမြို့ မြို့မဈေးရှေ့၊ ရွာသစ်ကျေးရွာနှင့် အိမ်မဲမြို့ထိပ်ရှိ ခရီးသွားရာဇဝင် စစ်ဆေးရေးဂိတ်တို့အား မိုဘိုင်းစနစ်ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၂-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၈၄၀)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၉၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၅၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၇)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၆)ခု
- စုစုပေါင်း (၁,၄၀၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၇) ဦး တွေ့ရှိရပါသည်။

၂။ (၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၉၉၅) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case-390, 393) ရှိသဖြင့် စုစုပေါင်း (၃၅၉) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၄၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၁) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြု လူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၂-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၄၀၈) ခုအနက် အတည်ပြုလူနာ (၅၇) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံမြို့နယ် | ၂ |
| | | မြင်းခြံမြို့နယ် | ၁ |
| ၂ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၄၅ |
| | | ကျောက်တော်မြို့နယ် | ၂ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| | | မြောက်ဦးမြို့နယ် | ၂ |
| ၃ | မွန်ပြည်နယ် | မုဒုံမြို့နယ် | ၁ |
| | | မော်လမြိုင်မြို့နယ် | ၁ |
| | | ကျိုက်ထိုမြို့နယ် | ၁ |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

(၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၄၀) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၉၆) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မြောင်းမြမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မူဆယ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇)ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လှိုင်ကော်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၅၇) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

(၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၅၇) ဦး | (၉၉၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## သီပေါ၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**သီပေါ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၊ ကိုဗစ်-၁၉ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းထိန်းသိမ်းရေးကော်မတီဝင်များ ပူးပေါင်း၍ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် တားဆီးရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုကို ယနေ့နံနက် ၇ နာရီမှ စတင်ကာ ဝက်ဝံပျံကျဈေးနှင့် မန္တလေး၊ မူဆယ်



ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် ပြုလုပ်ရာ မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က နှာခေါင်းစည်း အခု ၁၀၀၀ ကျော်ကို အခမဲ့ဖြန့်ဝေပေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် အမှတ် (၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လိုက်နာကျင့်သုံးရေးတို့အတွက် ဆောင်ရွက်ပြီး ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မော်တော်ဆိုင်ကယ်ရှေ့မီးကြီး၊ အောက်မီးတို့ကို နေ့ည အမြဲဖွင့်မောင်းရန်၊ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ် အပါအဝင် မေးသိုင်းကြိုးခိုင်မြဲစွာ တပ်ဆင်မောင်းနှင်ကြရန် ပညာပေးဆွေးနွေးပြောကြားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

**ထားဝယ် စက်တင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက်က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ နေရာများဖြန့်ခွဲ၍ နှာခေါင်းစည်းများ တပ်ဆင်ခြင်းမရှိဘဲ သွားလာနေသော ပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ဖြင့် တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ထိန်းချုပ်ကာကွယ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်ထုတ်ပြန်ရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များနှင့်အညီ ပြည်သူများ လိုက်နာဆောင်ရွက်စေရေးအတွက် လှုံ့ဆော်ဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ – တရုတ်ချစ်ကြည်ရေးအသင်းက နှာခေါင်းစည်းများ လှူဒါန်း

**မူဆယ် စက်တင်ဘာ ၂**

မြန်မာ – တရုတ်ချစ်ကြည်ရေးအသင်းက ကျန်းမာရေးအသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ လှူဒါန်းခြင်းကို ယမန်နေ့က မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်း မူဆယ်ရုံးခွဲ၌ ပြုလုပ်သည်။

မူဆယ်ခရိုင် မူဆယ်မြို့အမှတ် (၁၂၃) ယာဉ်ထိန်းတပ်ဖွဲ့ရဲမှူး ချစ်စိန် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြန်မာ–တရုတ်ချစ်ကြည်ရေးအသင်း မူဆယ်ရုံးခွဲမှ နာယက ဒေါ်စစ်စိန်နှင့် ဒုဥက္ကဋ္ဌဦးအောင်ရင်ဦးစီးသော ချစ်ကြည်ရေးအသင်းအဖွဲ့ဝင်များ၊ မူဆယ်မြို့ရှိ မြင့်မြတ်ပါမီပရဟိတ သွေးလှူရှင်အသင်းသူ အသင်းသားများ၊ နှလုံးလှလူမှုကူညီရေး အသင်းအဖွဲ့များနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ စသည့်ပူးပေါင်းအဖွဲ့သည် ကိုဗစ်–၁၉ ရောဂါမှ ကင်းဝေးနိုင်စေရန် မူဆယ်မြို့ နာရီစင်ရှေ့မြို့မဈေးကြီးအနီးမီးပွိုင့်နေရာနှင့် အခြားလူအသွားအလာများသည့် နေရာများတွင် နှာခေါင်းစည်းအခု ၈၀၀၀ ကျော်ကို အခမဲ့ ပေးဝေလှူဒါန်းခြင်း၊ လက်သန့်စင်ဆေးဖြင့် လက်ဆေးပေးခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့အားလုံးက ကိုယ့်မြို့ကိုယ့်ဒေသမှာ တစ်ဦးချင်းသော်လည်းလည်းကောင်း၊ အသင်းအဖွဲ့လိုက်သော် လည်းကောင်း ဝိုင်းဝန်းကာကွယ်ကြမှ ဒီ ကိုဗစ် – ၁၉ ရောဂါဘေးမှ ကင်းလွတ်ကြမှာဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့အနေနဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ တတ်နိုင်သလောက်ဝိုင်းပြီး ကူညီဆောင်ရွက်နေတာဖြစ်ပါတယ်။ မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်းအနေနဲ့တော့ တော်တော်များများ ကူညီနိုင်ခဲ့ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနဲ့ အခြားလူမှုရေးကိစ္စတွေမှာလည်း အသင်းသူ အသင်းသားအားလုံးနဲ့ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ပါတယ်။ အခုလည်းကိုယ်တိုင်လာရောက် လှူဒါန်းပေးရတာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ နောက်လည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး ကျန်းမာရေး အသုံးအဆောင်ပစ္စည်းတွေကိုတတ်နိုင်သလောက် ထပ်မံလှူဒါန်းပေးဖို့အတွက်လည်း အသင်းသူအသင်းသားတွေနဲ့တိုင်ပင်ပြီး ဆက်လက်ကြိုးစားလုပ်ကိုင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ချစ်ကြည်ရေးအသင်းဒုဥက္ကဋ္ဌ ဦးအောင်ရင်က ပြောသည်။ **သန့်ဇင်(မူဆယ်)**






# ချီဖွေငယ်ဓာတ်အားပေးစက်ရုံ ပြုပြင်ပြီးစီး၍ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေး

**မိုးကောင်း စက်တင်ဘာ ၂**

ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ကာ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာန အင်ဂျင်နီယာ ဦးရဲရင့်ထွန်းထံမှ သိရသည်။

ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်အသုံးပြုထားသည့် Main Ball Value များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဩဂုတ် ၅ ရက်မှစတင်၍ တစ်လကြာ ပြုပြင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၃၀ ရက်တွင် ပြီးစီး၍ ညပိုင်းမှစတင်ကာ နိုင်ငံတော်ဓာတ်အားစနစ်(National Grid) နှင့် Sychro ချိတ်ဆက်ကာ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနေပြီဖြစ်သည်။

ချီဖွေငယ် ဓာတ်အားပေးစက်ရုံ ပြုပြင်နေစဉ်အတွင်း ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တို့တွင် အလှည့်ကျစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ရပြီး ယခုအခါ ၆၆–ကေဗွီ လျှပ်စစ်ဓာတ်အားခွဲရုံများဖြစ်ကြသည့် မိုးညှင်းခွဲရုံ၊ ဟိုပင်ခွဲရုံ၊ မိုးကောင်းခွဲရုံ၊ ဖားကန့်ခွဲရုံ၊ မြစ်ကြီးနားခွဲရုံ (၂) နှင့် (၃)၊ ဝိုင်းမော်ခွဲရုံများရှိ လိုင်းခွဲဖီဒါများအားလုံးကို လျှပ်စစ်ဓာတ်အား ပြည့်မီစွာ ဖြန့်ဖြူး ပေးနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ – ၉ – ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၄၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၅/၅၉၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၅/၆၀၀ | ကျပ် | ၆၀၀/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၄၀ | ကျပ် | ၅၆၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၅/၆၅၀ | ကျပ် | ၆၉၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၅၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၄ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၅ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၈၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၉၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၃၂၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၂၀၀ | ၁၉၈၀၀၀၀ |
| MTSH | ၃၆၀၀ | ၃၆၅၀ | ၅၂၅၉ | ၁၈၉၃၃၆၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၀၀ | ၇၉၀၀၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၁ | ၁၀၉၆၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၈ | ၂၁၆၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁ | ၃၁၀၀ |

ခင်ရတနာ – စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၉ ခုနှစ်**(သို့မဟုတ်)**၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## အများသိစေရန်အသိပေးကြေညာချက်

Visionfund Myanmar ကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ လိုင်စင်အမှတ် (အမြဲတမ်း) ၀၂၁၇/၂၀၁၆ ဖြင့် လိုင်စင်ရယူပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ Visionfund Myanmar ကုမ္ပဏီလီမိတက်တွင် Board Member အဖွဲ့ဝင် (၉) ဦးအဖြစ် Samuel Sureshkumar Bartlett ၊ Saw Ivan ၊ Michael John Spingler ၊ Christopher John Bryan ၊ SuSu Tha Tun ၊ Adrian Iver Merryman ၊ Soe Kyaw Kyaw ၊ Aude Marie-Odile Schonbachler E.P Chanudet နှင့် Rommel Dacillo Caringal တို့မှ ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အဆိုပါ Board Member အဖွဲ့ဝင်တွင် Rommel Dacillo Caringal မှ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်သွားပြီး Launce Moses မှ အဖွဲ့ဝင်အသစ်(၁)ဦးအဖြစ် ထပ်မံပါဝင်လာပြီး စုစုပေါင်းအဖွဲ့ဝင် ၉ဦး အဖြစ် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Mr.Michael John Spingler**
**Chief Executive Officer (Visionfund Myanmar Co., Ltd)**
အမှတ် (၉၅) (က)၊ ၇လွှာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊
စမိုင်စီးပွားရေးစင်တာ၊ ၈မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၅၀၀၆၇၀၀၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၁ နှင့် ၅)
မန္တလေးခရိုင်တရားရုံးတော်
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၄၆

| | | |
|---|---|---|
| ဒေါ်ခင်ဆွေအေး | နှင့် | ၁။ ကိုအောင်ကိုကိုကျော် |
| | | ၂။ ဦးသန်းဖေ |
| | | ၃။ ဦးဝင်း |
| | | ၄။ ဦးသိန်းနိုင်ဦး |
| | | ၅။ ကိုတင်ထူးကျော် |
| | | ၆။ ကိုလျှန်ဒွေါ်ထျုန်း |
| | | ၇။ ကိုမျိုးမြင့်နိုင် |
| | | ၈။ ဒေါ်ခင်အုန်းမြင့် |
| (တရားလို) | | (တရားပြိုင်များ) |

ဦးတင်ထူးကျော်(ဘ)ဦးခင်မောင်သန်း (ဃ-၇/၉၈) မြို့သစ် (၄) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တုပပြုလုပ်ထားသောစာရွက်စာတမ်းများဖြင့် မြေကွက်အရောင်းအဝယ်ပြုလုပ်ကာ လိမ်လည်ရယူသွားသောစရန်ငွေ ကျပ်သိန်း (၁၇၀)၏ နှစ်ဆ ကျပ်သိန်း (၃၄၀) တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၂၁ ရက် (၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၉ : ၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာလာထွဋ်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

ဝူရီဖိုင်းနန့်(စ်)မြန်မာကုမ္ပဏီ၏ BODအဖွဲ့ဝင်၊ မန်နေဂျင်း ဒါရိုက်တာ ၊ ရှယ်ယာအစုဝင် ပြောင်းလဲခြင်းနှင့် ရှယ်ယာ လွှဲပြောင်းခြင်း

ကျွန်တော်များ Woori Finance Myanmar Co., Ltd ကုမ္ပဏီ မှတ်ပုံတင်အမှတ်- ၁၁၁၅၄၆၃၀၄၊ လုပ်ငန်း လိုင်စင်အမှတ်- ၀၂၄၆/၂၀၁၆(အမြဲတမ်း)၏ ယခင်BODအဖွဲ့ဝင် ၊ကုမ္ပဏီ ရှယ်ယာ အစုဝင်နှင့် မန်နေဂျင်းဒါရိုက်တာ ဖြစ်သော Mr.Jung Kyun Ahn ၏ နေရာတွင်Mr.Kim Jin Hoe အား ပြောင်းလဲခန့်အပ်လိုက်ကြောင်း နှင့် Mr. Jung Kyun Ahn ပိုင်ဆိုင်ထားသော ရှယ်ယာ(၁)ခုကို Mr.Kim Jin Hoe အား လွှဲပြောင်း ပေးပြီးဖြစ်ကြောင်းကို အများသိစေရန် ကြေညာ အပ်ပါ သည်။

Mr. Jung Kyun AHN
Managing Director
Woori Finance Myanmar Co., Ltd

၁၉၃၃ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
ရွှေမန်းတောင်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007115(0619)
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဆထလ(တနယ်ဝင်း)၀၁/၈၂၀၃
အကြောပြေ လိမ်းဆေးဆီ
လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊
ကျိုးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး
ရွှေမန်းတောင်ဆေးဝါးစက်ရုံ - အမှတ်(၁၁၆၅ - ၆၆ - ၆၇)၊ စက်မှုလမ်းမကြီး၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုံ(၂)၊ ရန်ကုန်မြို့၊ ဖုန်း(၀၁)၅၉၀၀၃၄
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊ ၃၈လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊ ၀၉ - ၈၅၉၈၄၅၃

အောင်ကမ္ဘာ
ဒဂုံမြို့သစ် (တောင်ပိုင်း၊
ဆိပ်ကမ်း၊ အရှေ့ပိုင်း၊
မြောက်ပိုင်း)ရှေ့ပေါက်ကွဲ
